# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၌ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့မှ နေပြည်တော်သို့သယ်ဆောင်



ပြည်ထောင်စုအလံတော်ကို နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေပြည်တော်မြို့တော်ခန်းမသို့ ပြည်ထောင်စုလှေဖြင့် သယ်ဆောင်လာစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၈**

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၌ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်ခန်းမ ညှိခန်းမရှိ ငွေဖလားတွင် စိုက်ထူထားသော ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးက တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ပါဝင်သည့် အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား တိုင်းရင်းသူများခြံရံသယ်ဆောင်၍ မြို့တော်ခန်းမ အလေးပြုခံစင်မြင့် ငွေဖလား၌ စိုက်ထူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့်

*စာမျက်နှာ ၃ ကော်လံ ၁ ⚪*

## ယနေ့ မာ တိ ကာ


ညဏ်ပညာနှင့်ယှဉ်သော ဒီမိုကရေစီ — ဆောင်းပါး — စာ - ၈

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် စာလုံးစာသားသရုပ်ဖော်နှင့် ဘင်ခရာအဖွဲ့တို့တွင်ပါဝင်သည့် ကျောင်းသား ကျောင်းသူများ နေပြည်တော်အတွင်း လှည့်လည်လေ့လာ — ပြည်တွင်းသတင်း — စာ - ၁၃

နီးလျက်နဲ့ မဝေးစေလို — (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး — ဆောင်းပါး — စာ - ၁၆

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Mr. David Carden ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးဖြစ်သူ Mr. David Carden ကို ယနေ့ နံနက် ၁၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## သတ္တမအကြိမ် Video Conferencing စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်သည့်အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၄) တွင် သတ္တမအကြိမ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီးက အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လိုကြောင်း လိုအပ်ချက်များ ပြည့်စုံစွာဖြင့် လျှောက်ထားသူ အထက်တန်းရှေ့နေ (၁၅၅) ဦးကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။ ထို့နောက် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ရရှိသူများက ကတိသစ္စာပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖလား ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ဘိုကလေး ဖေဖော်ဝါရီ ၈**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြို့မအောက်ပိုင်း ဘောလုံးကွင်းတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၃ရက်မှ စတင်၍ ကျင်းပပြီး ဖေဖော်ဝါရီ ၇ ရက် ညနေ ၅ နာရီတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ကျေးရွာအသင်းပေါင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုရ ပဝိန်ကျေးရွာ၊ ဒုတိယဆုရ ကဒုံကနိကျေးရွာနှင့် တတိယဆုရ မြင်းကကုန်းကျေးရွာတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်သည်။

**မိုးစက်(ဘိုကလေး)**

**မြန်မာ့အလင်း**

## ညီညွတ်မှုဖြင့် အင်အားတည်ဆောက်

၁၈၈၆ ခုနှစ်မှစတင်ခဲ့သော မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသည် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆၊ ၁၉၄၇ ခုနှစ်များတွင် အရှိန်အဟုန်အမြင့်မားဆုံးသို့ ရောက်ရှိခဲ့သည်။ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုနောက်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တစ်သွေးတည်း တစ်သားတည်း တည်ရှိကာ တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး၏ လွတ်လပ်ရေးအရယူခဲ့ပုံများကို သမိုင်းဝင်မှတ်တမ်းများတွင် လေ့လာကြည့်ပါက ကြက်သီးမွေးညင်းထဖွယ်ရာ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ထို့အပြင် နယ်ချဲ့သမားတို့၏ ကောက်ကျစ်စဉ်းလဲသလောက် လိမ္မာပါးနပ်လှသည့် ပရိယာယ်ကိုလည်း ထိုစဉ်က ပြည်သူတစ်ရပ်လုံး သိမြင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် မဟာမိတ်နိုင်ငံ တစ်နိုင်ငံအနေဖြင့် စစ်နိုင်ခဲ့သော်လည်း ချွတ်ခြုံကျ ချည့်နဲ့သွားခဲ့သည့် ဗြိတိသျှတို့သည် တစ်ချိန်က ၎င်းတို့ကျူးကျော်သိမ်းပိုက်ခဲ့သည့် ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေး မပေးမဖြစ်ပေးရတော့မည့် အခြေအနေတွင် ပြဿနာများကို ပညာသားပါပါဖန်တီး၍ နိုင်ငံကို အပိုင်းပိုင်း ခွဲခြားပစ်ရန် ကြိုးပမ်းခဲ့သည်။ အိန္ဒိယကို အစိတ်အပိုင်းများ ခွဲခြမ်းပစ်ရန် Coupland Scheme ကို စီမံခဲ့ပြီးနောက် ဆာစတက်ဖို့ ခရစ်စ်ပါသည့် ကက်ဘိနက်မစ်ရှင်က ၁၉၄၆ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ၎င်းမစ်ရှင်၏ အစီရင်ခံချက်အရ ပြည်နယ်အုပ်ချုပ်ရေး၊ ဗဟိုအုပ်ချုပ်ရေး၊ ပြည်နယ်များ မပေါင်းမနေရ အုပ်ချုပ်ရေးဟူ၍ သုံးမျိုးခွဲခြားစေပြီး နိုင်ငံကို ပါကစ္စတန်၊ ရာဂျာစတန်၊ ဟိန္ဒူစတန် စသည်ဖြင့် ခွဲရန်ကြိုးပမ်းခဲ့ကြသည်။ နယ်ချဲ့တို့၏ ပရိယာယ်ကြောင့် လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများ ပေါ်ပေါက်ခဲ့ပြီး အပြန်အလှန် တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် သိန်းနှင့်ချီ၍ သေဆုံးခဲ့ကြရသည် မှာ ယနေ့တိုင် မမေ့နိုင်စရာ သွေးစွန်းသောသမိုင်းဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ မြေပုံမှာလည်း ပြောင်းလဲသွားခဲ့ရသည်။

မြန်မာနိုင်ငံတွင်လည်း တောင်တန်းဒေသများနှင့် ပြည်မဟူ၍ခွဲခြားကာ Divide and Rule ဖြင့် အုပ်ချုပ်ခဲ့သောကြောင့် ဖွံ့ဖြိုးမှုမတူ၊ အနေဝေးခဲ့ရသည့်အပြင် မယုံသင်္ကာစိတ်များကိုပါ သွင်းပေးခဲ့သည့်အတွက် သံသယမျိုးစေ့တို့ အညွန့်အညှောက်ပေါက်လာခဲ့သည်။ သို့သော် ထိုစဉ်က တိုးတက်သောအမြင်ရှိသည့် တိုင်းရင်းသားခေါင်းဆောင်များ၏ စည်းရုံးဦးဆောင်မှုဖြင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး တောင်တန်းမြေပြန့် စည်းလုံးညီညွတ်ခဲ့ကြကာ ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် လွတ်လပ်သော မြန်မာပြည်အတွက် (၁) လွတ်လပ်ရမည်။ (၂) အချုပ်အခြာအာဏာပိုင်ရမည်။ (၃) သမ္မတနိုင်ငံဖြစ်ရမည်။ (၄) ပြည်ထောင်စုဖြစ်ရမည်ဟူသော အခြေခံအချက် (၄) ချက် ချမှတ်၍ အုပ်ချုပ်ရေးစည်းမျဉ်း ရေးဆွဲခဲ့ကြသည်။ ထို့အပြင် လုံးဝလွတ်လပ်ရေးကို အရယူရန် တညီတညွတ်တည်း ရှိခဲ့ကြပြီး နယ်ချဲ့တို့၏ သွေးခွဲမှုများကို သတိပြုရှောင်ရှားကာ နယ်ချဲ့တို့၏ ပရိယာယ်ကိုလည်း ကျော်လွှားနိုင်ခဲ့ကြသည်။ ယင်းမှာ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံထားခြင်းကြောင့်ပင်ဖြစ်သည်။

မျက်မှောက်ကမ္ဘာတွင် နိုင်ငံတစ်နိုင်ငံကို အခြားနိုင်ငံတစ်နိုင်ငံက နယ်ချဲ့သိမ်းပိုက်မှု ပုံစံကို ပြောင်းလဲလိုက်ကြပြီဖြစ်သည်။ တစ်ချိန်က နယ်ချဲ့နိုင်ငံများကိုယ်တိုင်က ကိုလိုနီနယ်ချဲ့စနစ်ကို ခဝါချလိုက်ကြပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ကမ္ဘာကြီး၏ ကံကြမ္မာကို ဖန်တီးရန် ကမ္ဘာ့အစီအစဉ် (world order) ကို ဦးဆောင်သည့်နေရာ၌ ယူလိုက်ကြသည်။ ယင်းနောက် ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ အပါအဝင် အဖွဲ့အစည်းများစွာတို့မှတစ်ဆင့် အားနည်းချည့်နဲ့သည့် နိုင်ငံများ၊ ၎င်းတို့နှင့် မူဝါဒမတူသည့် နိုင်ငံများကို ထိန်းချုပ်ရန်၊ စွက်ဖက်ရန်၊ ဩဇာခံဖြစ်လာရန် ကြိုးပမ်းကြသည်။ ခေတ်သစ်ကိုလိုနီပုံစံကို ရင်ဆိုင်ရန်မှာ နိုင်ငံကို အင်အားပြည့်ဝသည့်နိုင်ငံ ဖြစ်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး အားသုံးရပ် ခိုင်မာတောင့်တင်းအောင် အစွမ်းကုန် ကြိုးပမ်းတည်ဆောက်ကြရမည်ဟု နှလုံးသွင်းနိုင်ကြရမည် ဖြစ်ပါကြောင်း။ ။

○ ရှေ့ဖုံးမှ

ကော်မတီဝင်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် အလံစောင့်အဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုအလံတော်အား အလေးပြုကြသည်။

**လွှဲပြောင်းသယ်ဆောင်**

ယင်းနောက် ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး စောဂျက်ကော့ထူးတို့က ဝန်ထမ်းများခြံရံ၍ အဆင့်ဆင့် လက်ဆင့်ကမ်း လွှဲပြောင်းသယ်ဆောင်ကြသည်။



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြို့တော်ခန်းမ အလေးပြုခံစင်မြင့် ငွေဖလား၌ စိုက်ထူစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်မှ နေပြည်တော်သို့ သယ်ဆောင်မည့် ပြည်ထောင်စုအလံတော်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ လွှဲပြောင်းပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြည်ထောင်စုအလံတော်ကို နေပြည်တော် မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်ထံ လွှဲပြောင်းပေးအပ်စဉ်။

ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီး စောဂျက်ကော့ထူးက ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလားတွင် စိုက်ထူပြီး အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလျက် ပြည်ထောင်စုလှေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်လက်သယ်ဆောင်သည်။

ယင်းနောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြည်ထောင်စုလှေ ဆိုက်ရောက်ရာ ပြည်ထောင်စုလှေပေါ်ရှိ ပြည်ထောင်စု အလံတော်အား တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးက တိုင်းဒေသကြီး ဥပဒေချုပ်ဦးဌေးအောင်ထံသို့လည်းကောင်း၊ ၎င်းမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်မျိုးမင်းထိုက်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး စောဂျက်ကော့ထူး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့ကလည်းကောင်း အဆင့်ဆင့် လက်ဆင့်ကမ်း လွှဲပြောင်းသယ်ဆောင်ပြီး (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံသို့ လွှဲပြောင်းပေးအပ်သည်။

**သောင်းသောင်းဖြဖြကြိုဆို**

ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့တော်ခန်းမမှ ဆူးလေဘုရားလမ်း၊ ဂျိုးဖြူလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်းမတစ်လျှောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင့်ဆင့်သယ်ဆောင်ရာ လမ်းတစ်လျှောက် တိုင်းရင်းသား ပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများက အလံငယ်များ ဝှေ့ယမ်း၍ ပြည်ထောင်စုအလံတော်အား သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့နောက် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် ပြည်ထောင်စုအလံတော် သယ်ယူရေးအဖွဲ့သည် တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်၌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နေပြည်တော် မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်ထံ ပြည်ထောင်စု အလံတော်ကို လွှဲပြောင်းပေးအပ်သည်။

**ငွေဖလားအတွင်း စိုက်ထူ**

ဆက်လက်၍ ပြည်ထောင်စုအလံတော်အား နေပြည်တော်မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်က ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က ဝန်ထမ်းများ ခြံရံပြီး အဆင့်ဆင့် လက်ဆင့်ကမ်း လွှဲပြောင်းသယ်ဆောင်၍ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ရပ်နားထားသည့် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလားအတွင်း စိုက်ထူသည်။

ထို့နောက်ပြည်ထောင်စုအလံတော် ကို တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပါဝင်သည့် အလံစောင့်အဖွဲ့၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံ၍ ပြည်ထောင်စုလှေဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေပြည်တော်မြို့တော်ခန်းမသို့ သယ်ဆောင်လာရာ လမ်းတစ်လျှောက်ရှိ ကျောင်းသား၊ ကျောင်းသူများ၊ တပ်မိသားစုဝင်များ၊ ဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အလံငယ်များကို ဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုလှေသည် နေပြည်တော်ရေပန်း ဥယျာဉ်ရှေ့သို့ ရောက်ရှိရာ ပြည်ထောင်စု လှေပေါ်ရှိ ပြည်ထောင်စု အလံတော်အား ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပြည်ထောင်စုအလံတော် သယ်ယူရန် အသင့်စောင့်ကြိုနေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး နှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်တို့က ဝန်ထမ်းများ ခြံရံ၍ နေပြည်တော်မြို့တော် ခန်းမသို့ အဆင့်ဆင့် လက်ဆင့်ကမ်း လွှဲပြောင်းသယ်ဆောင်ကြသည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် နေပြည်တော်မြို့တော်ခန်းမရှေ့၌ နေပြည်တော် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က နေပြည်တော်မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင်ထံ ပြည်ထောင်စု အလံတော်ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နေပြည်တော်မြို့တော်ဝန်က တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် အလံစောင့်အဖွဲ့နှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ ပြည်ထောင်စုအလံတော် ရပ်နားမည့် နေပြည်တော်မြို့တော်ခန်းမရှိ ငွေဖလား၌ ပြည်ထောင်စု အလံတော်ကို စိုက်ထူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုအလံတော်အား အလေးပြုကြသည်။



ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဝန်ထမ်းများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ထောင်စုအလံတော်ကို လက်ဆင့်ကမ်း သယ်ဆောင်လာစဉ်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားသို့ အလေးပြုခြင်း ခံယူမည့် ပြည်ထောင်စုအလံတော်အား သယ်ဆောင်ရာတွင် ရန်ကုန်မြို့၌ ကြိုဆို နှုတ်ဆက်ကြသည့် မြင်ကွင်းပုံရိပ်များ













# (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၌ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား သယ်ဆောင်ရာတွင် နေပြည်တော်၌ ကြိုဆိုကြသည့် မြင်ကွင်းပုံရိပ်များ











# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ရှမ်းပြည်နယ်(တောင်ပိုင်း) ခရီးစဉ်၌ လမ်းညွှန်မှာကြားချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကလောမြို့မှ ရွှေမင်းဖုန်းကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ငါးရွာသို့ ဆက်သွယ်ထားသော အရှည် ၁၀ မိုင် ၅ ဖာလုံ၊ ၉ ပေ အကျယ် မြေသားလမ်းကို ၂၆ ပေ အကျယ် လမ်းတာချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းလုပ်ငန်းဆောင်ရွက်မှုနှင့် ကျေးရွာများ၏ အနေအထားတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုနှင့် ဒေသခံများ၏ လိုလားချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေမင်းဖုန်းစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ကျောင်းထိုင်ဆရာတော်အား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါလမ်းပိုင်းပေါ်ရှိ ရှုခင်းသာ (view point) သို့ သွားရောက်ပြီး ခရီးသွားလုပ်ငန်းအတွက် အထောက်အကူဖြစ်စေရေးနှင့် အများပြည်သူ စိတ်ချမ်းမြေ့စွာ လာရောက်အပန်းဖြေနိုင်ရေးတို့အတွက် ဆောင်ရွက်ရန် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ကလောမြို့မှ ရွှေမင်းဖုန်းကျေးရွာအုပ်စုသို့ ယခင်က ၉ ပေအကျယ် မြေသားလမ်းမှာ ယခု ၂၆ ပေအကျယ် မြေသားလမ်းအဖြစ် တိုးချဲ့၍ လမ်းတစ်လျှောက်လိုအပ်သော Box Culvert အစင်း ၂၀ တို့ကို တည်ဆောက်ပေးလျက်ရှိပြီး ယင်းလမ်းကို အသုံးပြုနိုင်ခြင်းကြောင့် ကျေးရွာ ငါးရွာမှ အိမ်ထောင်စု ၆၄၄ စု၊ လူဦးရေ ၃၆၄၈ ဦးတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်းနှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ကျောက်ခင်းလမ်းအဖြစ် ဆက်လက်ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် အောင်ပန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ ရောက်ရှိ၍ သင်တန်းကျောင်းအုပ်၏ သင်တန်းကျောင်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နည်းပြများနှင့် သင်တန်းသားများကို အမှာစကားပြောကြားကာ ရင်းနှီးစွာနှုတ်ဆက်သည်။ ဆက်လက်၍ သင်တန်းခန်းမဆောင်များ၌ ဘာသာရပ်အလိုက် လက်တွေ့လေ့ကျင့် သင်ကြားနေမှုများနှင့် အိပ်ဆောင်၊ စားရိပ်သာများကို လိုက်လံကြည့်ရှုစစ်ဆေးကာ **(အပေါ်ဝဲပုံ)** ထပ်မံဖြည့်စွက်သင်ကြားပေးရန် လိုအပ်ချက်များနှင့် အဆင့်မြင့် စက်မှုလက်မှုပညာသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယမန်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ရမည့်ကိစ္စ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပြန်ပေးသည့် စံပြုလုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်ကိစ္စ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမှ အရေးကြီးသည့်ပြဋ္ဌာန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒဆိုင်ရာကိစ္စများ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များကလည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့တွင် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် ရေထွက်ပစ္စည်းကုန်ချောထုတ်လုပ်မည့် စက်မှုဇုန်တည်ဆောက်ရေးနှင့် မြိတ်ခရိုင်ရေပေးဝေရေး စီမံကိန်းကိစ္စများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှုကို မြိတ်အများပိုင်ကော်ပိုရေးရှင်း ကုမ္ပဏီလီမိတက်၏ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ အကြံပြုဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထားဝယ်မြို့ သပြေချောင်းကျေးရွာအုပ်စုရှိ ခန့်ရွှေပြည်ကုမ္ပဏီလီမိတက်၏ အဝေးပြေးယာဉ် ရပ်နားစခန်းနှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်ငှားရမ်းခြင်း လုပ်ငန်းတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ရာ ကုမ္ပဏီ၏ ဒါရိုက်တာ ဦးဇော်ဘိုခန့်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လုပ်ငန်းဆိုင်ရာကိစ္စများ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ သဗျာကျေးရွာအုပ်စုရှိ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော ထားဝယ်ရွှေပြည်ကုမ္ပဏီလီမိတက်၏ မိုင်းခံ ရော်ဘာအဆင့် RSS-1,2,3 ထုတ်ကုန်များ ပြည်တွင်း/ ပြည်ပ ထုတ်လုပ်တင်ပို့ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု အားပေးရာ ကုမ္ပဏီ၏ ဒါရိုက်တာ ဒေါက်တာ ယုစိန်က လုပ်ငန်းဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနေမည်။

**မိုး/ဇလ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၂ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၃ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးရင်မောင်ညွန့် အား စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ဒေါ်ရင်ရင်နွယ် ရှင်းလင်းပြောကြားစဉ်။

❒ *ကျောဖုံးမှ*

ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

**စစ်ဘက်အုပ်ချုပ်ရေး မဟုတ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီပေါ်ပေါက်လာပုံ၊ နိုင်ငံတော်တစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာခဲ့ခြင်းနှင့် အတူ ယာယီသမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အာဏာ (၃)ရပ်ကို လွှဲပြောင်းပေးခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ပေါ်ပေါက်ခဲ့သည့် မဲမသမာမှုများအား စိစစ်ခဲ့ရခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များ ဆောင်ရွက်ပြီးစီးပါက ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ပြန်လည်ကျင်းပသွားရန်ကိစ္စ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဗဟိုမှ ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့်အထိ အုပ်ချုပ်မှုအဆင့်ဆင့်တွင် တိုင်းရင်းသားကိုယ်စားပြုသူများ၊ နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များနှင့် တပ်မတော်မှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားခြင်း ဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်ဘက်အုပ်ချုပ်ရေး မဟုတ်သည်ကို ထင်ရှားစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)တွင် ပြဋ္ဌာန်းထားသည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်ပခရီးစဉ်များသွားရောက်ခဲ့မှုနှင့် ပြည်ပနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်ခဲ့မှု၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံ မူဘောင်အောက်တွင် ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ၏ တူညီဆန္ဒ (၅)ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ကုလသမဂ္ဂတွင် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရသည် ပြည်သူများ၏ အသက်ထက် မည်သည့်အရာကမျှ အရေးမကြီး၊ တန်ဖိုးမရှိဟူသောခံယူချက်ဖြင့် တရုတ်၊ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့အပါအဝင် စသည့် ချစ်ကြည်ရင်းနှီးသော နိုင်ငံများမှ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရရှိရေးဆောင်ရွက်နေမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား ၉၇၀၀၀ကို နေရပ်သို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့မှုကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အကြမ်းဖက်အဖွဲ့များဖြစ်သည့် PDF ၊ NUG နှင့် CRPH တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၊ အစိုးရဝန်ထမ်းများ၊ ရဟန်းသံဃာတော်များ ထိခိုက်သေဆုံးခဲ့ရမှုများ၊ စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းနှင့် တံတားများ ကဲ့သို့သော အများပြည်သူဆိုင်ရာ အဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့မှုများ၊ အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့နှင့် ဆက်နွယ်မှုရှိသူများကို စုံစမ်းစစ်ဆေးမှုနှင့် ဥပဒေအရ အရေးယူဆောင်ရွက်မှု၊ လက်နက်ခဲယမ်းများ ဖမ်းဆီးရရှိခဲ့မှုနှင့် အဆိုပါ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို UNCTED ၊ ACCT ၊ ASEANAPOL နှင့် INTERPOL တို့က ရှုတ်ချရန်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ၎င်းတို့၏ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်တိုက်တွန်းခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့သွားရန်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားလုပ်ငန်းစဉ်ဖြစ်သည့် နိုင်ငံတော် သာယာဝပြောရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်တို့ကို ထိရောက်စွာ အသုံးချရေး၊ ပြည်တွင်းစီးပွားရေး ပြန်လည်ဦးမော့လာစေရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိရောက်စွာ ကာကွယ်ထိန်းချုပ် တိုက်ဖျက်သွားရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုကို တည်ထောင်သွားရန်၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့အပေါ် အခြေခံ၍ ရိုးရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း၍ နှစ်ဖက်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပေါ် စုံစမ်းစစ်ဆေးခဲ့ရမှုများမှ တွေ့ရှိခဲ့ရမှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ကျင်းပမည့် လာမည့်ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ဒေါ်ရင်ရင်နွယ်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပေါ်ပေါက်ခဲ့သည့် မဲမသမာမှု ကိစ္စရပ်များနှင့် အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်၍ အရင်းခံအကြောင်းရင်းများနှင့် အခြေအနေမှန်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်တာဝန်များကို ရယူခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် အောင်ဌေးမြင့်က နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH ၊ NUG နှင့် PDF တို့မှ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေမှုများ၊ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ အကြမ်းဖက်အဖွဲ့သို့မဟုတ် အကြမ်းဖက်သမားတို့အား နိုင်ငံတစ်နိုင်ငံက လက်ခံခြင်း၊ ထောက်ပံ့ကူညီခြင်း စသည့်လုပ်ရပ်များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၁၇၆၊ ၂၃၆၈ နှင့် ၂၀၅၀ တို့အရ ပြစ်မှုမြောက်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်က အိုမီခရွန်မျိုးကွဲ အန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး အစီအမံသစ်များနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပြောကြားသည်။ ထို့နောက် အမေးအဖြေကဏ္ဍကို ဆောင်ရွက် သည်။

ရှင်းလင်းပြောကြားမှု အစီအစဉ်ပြီးနောက် တက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များကို ကြည့်ရှုကြကြောင်း သိရသည်။ **သတင်းစဉ်**




သံတမန်များနှင့် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်တို့အား လက်ရှိပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။

# ဉာဏ်ပညာနှင့်ယှဉ်သော ဒီမိုကရေစီ

**ကမ္ဘာတွင် ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံပေါင်း ၁၁၀ ရှိကြောင်း The Economist Intelligence Unit (EIU) ၂၀၂၀ စာရင်းအရ သိရပါသည်။ ယင်းစာရင်းတွင် ဒီမိုကရေစီပြည့်ဝသောနိုင်ငံ၊ ချို့ယွင်းချက်များရှိသောနိုင်ငံနှင့် တစ်ဝက်တစ်ပျက်နိုင်ငံများလည်း ပါဝင်ပါသည်။ ယင်းစာရင်းအရ ဒီမိုကရေစီစနစ်ကို နိုင်ငံအများစုတွင် ကျင့်သုံးသည်ကို တွေ့ရပါသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် ကျင့်သုံးနေသော ဒီမိုကရေစီစနစ်သည် အုပ်ချုပ်ရေးစနစ်တစ်ရပ် ဖြစ်ပါသည်။**



၁၃-၁၂-၂၀၂၁ ရက်က ဒီမိုကရေစီနှင့် လူ့ကျင့်ဝတ်များကို ချိုးဖောက်ဆောင်ရွက်သည့် PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့၏ မီးရှို့မှုကြောင့် တန့်ဆည်မြို့နယ် ရွာသာယာကျေးရွာ၌ နေအိမ်များ မီးလောင်မှု မှတ်တမ်းဓာတ်ပုံ။

ဒီမိုကရေစီစနစ်သည် လူထုကို အခြေခံခြင်း၊ လွတ်လပ်ခွင့်နှင့် တရားမျှတမှုကို ဖော်ဆောင်နိုင်ခြင်း၊ အပြန်အလှန် ထိန်းကျောင်းနိုင်ခြင်းကဲ့သို့သော အကျိုးကျေးဇူးများရရှိစေသဖြင့် နိုင်ငံအများစုတွင် ကျင့်သုံးကြသည်ကို တွေ့ရပါသည်။ ယင်းစနစ်သည် လူထုကိုအခြေခံသော အုပ်ချုပ်ရေးစနစ်ဖြစ်သဖြင့် ပြည်သူလူထု၏ ပါဝင်ဆောင်ရွက်မှုနှင့် ပြည်သူလူထု၏ ဓလေ့များသည် ဒီမိုကရေစီစနစ်၏ အခြေခံ အစိတ်အပိုင်းများအဖြစ် တွေ့ရပါသည်။ ပြည်သူလူထုသည် မိမိတို့အပေါ် သက်ရောက်လျက်ရှိသော အုပ်ချုပ်သူအစိုးရ၏ လူထုရေးရာဆိုင်ရာကိစ္စရပ်များတွင် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရာတွင် ပါဝင်သူတစ်ဦးချင်းစီ၏ ဆန္ဒနှင့် စွမ်းဆောင်ရည်များ အထူးလိုအပ်ပါသည်။ သို့မှသာ အုပ်ချုပ်ရေးစနစ်အတွင်း ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ထိထိရောက်ရောက် ပါဝင်နိုင်၍ အပြန်အလှန် ထိန်းကျောင်းနိုင်ခြင်း၊ လူထုဗဟိုပြု အုပ်ချုပ်ရေးစနစ် တည်ဆောက်နိုင်ခြင်းကဲ့သို့သော အကျိုးတရားများ ရရှိလာနိုင်မည်ဖြစ်ပါသည်။

လူထုအတွင်း ထိုကဲ့သို့သော ဒီမိုကရေစီဓလေ့များ အမြစ်တွယ်ခိုင်မာလာခြင်းဖြင့် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိလာခြင်းနှင့်အတူ အေးချမ်းတည်ငြိမ်စွာ ယှဉ်တွဲနေထိုင်နိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်တွင် လိုအပ်သည့် ဒီမိုကရေစီဓလေ့များသည် အစဉ်သဖြင့် ချော့မွေ့နေသည်တော့ မဟုတ်ချေ။ ယင်းဓလေ့များ ရှင်သန်ကြီးထွားရန် အချိန်ယူရသကဲ့သို့ ကဏ္ဍအလိုက် လေ့ကျင့်ပျိုးထောင်ကြရသည်များ ရှိကြပါသည်။ ထို့အပြင် တစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ အစုအဖွဲ့လိုက်အတွက်ဖြစ်စေ ယင်းဓလေ့များ ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်သည့် ဝန်းကျင်များ ဖန်တီးတည်ဆောက်ကြရပါသည်။ သို့မှသာ အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများနှင့် တစ်ဦးချင်းစီ၏ ဒီမိုကရေစီအလေ့အကျင့်များနှင့် ဓလေ့များ ဟန်ချက်ညီ တိုးတက်လာမည် ဖြစ်ပါသည်။

**စိတ်သဘောထားနှင့် ကျင့်ဝတ်လိုအပ်ချက်**

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တွင် အင်စတီကျူးရှင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အုပ်ချုပ်မှုပုံစံစနစ်တည်ဆောက်ခြင်းနှင့်အတူ လူထုအတွင်း ဒီမိုကရေစီဝန်းကျင်များကို ဟန်ချက်ညီ တည်ဆောက်ကြရပါသည်။ အမေရိကန်တွေးခေါ်ပညာရှင် ဂျွန်ဒီဝီ (John Dewey) က ဒီမိုကရေစီသည် အစိုးရအုပ်ချုပ်မှုစနစ် ပုံစံတစ်မျိုးထက်ပိုကြောင်း ဆိုပါသည်။ ဆိုလိုသည်မှာ အစိုးရအုပ်ချုပ်မှုပုံစံ ပြောင်းလဲခြင်းနှင့်အတူ လိုက်ပါပြောင်းလဲရမည့် အကြောင်းခြင်းရာများ ရှိနေခြင်းပင် ဖြစ်ပါသည်။ ယင်းအကြောင်းခြင်းရာများထဲတွင် ဒီမိုကရေစီစနစ်အတွင်း လွတ်လပ်မှု၊ တရားမျှတမှု၊ အေးချမ်းတည်ငြိမ်မှုများ ရရှိရန် တစ်ဦးချင်းစီ၏ စိတ်သဘောထားများ၊ ကျင့်ဝတ်များ လိုက်နာစောင့်ထိန်းရန်လည်း ပါဝင်ပါသည်။

**❍ ဒစ်ဂျစ်တယ်ခေတ်တွင် ဆက်သွယ်ရေးစနစ် တိုးတက်မြင့်မားလာခြင်းနှင့်အတူ တစ်ဟုန်ထိုး ထိုးဖောက်ဝင်ရောက်လာသည်မှာ လူမှုကွန်ရက်အသုံးပြုမှု မြင့်မားလာခြင်းဖြစ်ပါသည်။ လူမှုကွန်ရက်များသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေပါသည်။ သို့သော်လည်း အခြားတစ်ဖက်တွင် ဖြစ်ပေါ်လာသည့် အကျိုးဆက်တစ်ခုမှာ လူထုအတွင်း ပိုမိုသွေးကွဲစေခြင်း၊ အမုန်းတရားများပြားစေခြင်းနှင့် မယုံကြည်မှုများကို ဖြစ်ပေါ်စေပါသည်။ ထိုသို့သွေးကွဲစေရာတွင် ဒစ်ဂျစ်တယ်ယဉ်ကျေးမှု အားနည်းခြင်းမှာ အချက်တစ်ချက်ဖြစ်သကဲ့သို့ လူမှုကွန်ရက်များကို မမှန်မကန်အသုံးချမှုများမှာလည်း အရင်းခံအကြောင်းတရားတစ်ခုအဖြစ် တွေ့ရပါသည်**

## မျိုးငြိမ်းငယ်

ကျင့်ဝတ်များဆိုသည်ကလည်း တစ်ခါတစ်ရံ နီးလျက်နှင့် ဝေးနေတတ်ကြပါသည်။ ငယ်စဉ်ကတည်းက အလေ့အကျင့်များခဲ့သူများအဖို့ မခက်ခဲတတ်သော်လည်း အလေ့အကျင့်နည်းပါးသူများအဖို့ ခက်ခဲတတ်ကြပါသည်။ မည်သို့ဆိုစေ လူ့အသိုက်အဝန်းတွင် ကျင်လည်လှုပ်ရှားလာရသည့်အခါ လူမှုကျင့်ဝတ်များမှာ လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။ လူမှုကျင့်ဝတ်များသည် လူတိုင်းနေ့စဉ် တွေ့ကြုံနေကြရသည့် လူမှုဆက်ဆံရေးအကျင့်စရိုက်များ ဖြစ်ကြသည်။ လူမှုကျင့်ဝတ်များသည် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများက အမှားအမှန်ခွဲခြားရုံမျှမက ၎င်းတို့၏ ဆုံးဖြတ်ချက်ဆိုင်ရာ လုပ်ငန်းစဉ်အတွက် အသုံးပြုကြသော စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေ အစုအဖွဲ့များဟု ဆိုပါသည်။ ယင်းတို့သည် လုပ်ငန်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုအတွက် ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများဆိုင်ရာ ယေဘုယျအတွေးအခေါ်များကို အထောက်အပံ့ဖြစ်စေပါသည်။ ဒီမိုကရေစီစနစ်တွင်လည်း အလားတူ လိုက်နာကျင့်ကြံကြရသည့် ကျင့်ဝတ်များရှိပါသည်။

ဒီမိုကရေစီသည် တစ်ဦးချင်း လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်များကို ကာကွယ်ပေးသည့်နည်းတူ ထိုတစ်ဦးချင်းလွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များသည် အခြားသူများကို မထိခိုက်စေသည့် အပြုအမူများ ဖြစ်ကြရပါသည်။ အသိဉာဏ်အခြေခံသော အပြုအမူများဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ရာ တစ်ဦးချင်းက လူမှုကျင့်ဝတ်များနှင့် ကိုယ်ကျင့်တရားများကို မှန်မှန်ကန်ကန် ကျင့်သုံးကြရန် လိုအပ်မည်ဖြစ်ပါသည်။ တာဝန်ယူမှုတာဝန်ခံမှုရှိသော လုပ်ဆောင်မှုများ ဖြစ်ကြရပါသည်။ ကျန်းမာကြံ့ခိုင်သော ဒီမိုကရေစီသည် ဒီမိုကရေစီ လူမှုဓလေ့များဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာတည်မှီနေပါသည်။ ထိုဓလေ့များသည် အနုပညာ၊ စာပေနှင့်ဂီတ ကဲ့သို့သော ယဉ်ကျေးမှုများကို မဆိုလိုဘဲ လူတစ်ဦးအနေဖြင့် မိမိကိုယ်မိမိ ထိန်းချုပ်နိုင်စွမ်းရှိသည့် အပြုအမူများ၊ အလေ့အကျင့်များနှင့် စံနှုန်းများဖြစ်ကြောင်း အမေရိကန်ပညာရေးသမိုင်းပညာရှင် ပါမောက္ခ Diane Ravitch က ဆိုပါသည်။

ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ လူမှုဓလေ့များဆိုသည်မှာလည်း လူတစ်ဦးချင်းစီနှင့် အစုအဖွဲ့များက လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ကြသည့် အပြုအမူများဖြင့် ပုံဖော်ထားကြသည်ဖြစ်ရာ ၎င်းနှင့်အတူ နိုင်ငံသားများက မိမိတို့၏ ကိုယ်ကျိုးစီးပွားများကို ဖော်ဆောင်ရာတွင်ဖြစ်စေ၊ မိမိတို့၏ အခွင့်အရေးများကို အသုံးချရာတွင်ဖြစ်စေ တာဝန်ယူမှုရှိခြင်းဖြင့် မိမိကိုယ်မိမိထိန်းချုပ်ကြရပါသည်။

*စာမျက်နှာ ၉ သို့*







လူမှုကွန်ရက်ကို မမှန်မကန်အသုံးချ၍ သတင်းတုသတင်းမှားများ လုပ်ကြံဖန်တီးထုတ်လွှင့်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ။



၁၂-၁၂-၂၀၂၁ ရက်က ဒီမိုကရေစီ အကြောင်းပြ၍ အကြမ်းဖက်သမားတို့၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် ချမ်းမြသာစည်မြို့နယ်နေ ကိုအာကာဖြိုးနှင့် သူနာပြုဆရာမ ဒေါ်ချမ်းမြငြိမ်းတို့ သေဆုံးမှုမှတ်တမ်းဓာတ်ပုံနှင့် ၁၄-၁၁-၂၀၂၁ ရက်က မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက် ပိတ်စွယ်နယ်မြေ(၃)နေ အပြစ်မဲ့ပြည်သူ လေးဦးတို့ လုပ်ကြံသတ်ဖြတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၈ မှ*

**❑ ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်းရှိ လူတိုင်းသည် ဒီမိုကရေစီ၏ လွတ်လပ်ခွင့်များ၊ အခွင့်အရေးများ၊ တရားမျှတမှုများနှင့် အနှစ်သာရများကို ရယူပိုင်ဆိုင်လိုကြပါသည်။ ထိုသို့ ရယူပိုင်ဆိုင်ရန် ကြိုးပမ်းကြရာတွင် ဉာဏ်ပညာနှင့် ယှဉ်ကြရန် လိုအပ်ပါသည်။ ဉာဏ်နှင့်ယှဉ်သော လုပ်ဆောင်မှုနှင့်ပတ်သက်၍ "ပျားရည်စုဆောင်းသောပျားသည် ပန်း၏အရောင်နှင့်မွှေးရနံ့ကို မထိခိုက်၊ မနှောင့်ယှက်သကဲ့သို့ ဉာဏ်ပညာရှိသူသည် ထိုနည်းတူစွာ လောကတွင် သွားလာလှုပ်ရှားလေ၏။" ဟု မှတ်သားဖူးပါသည်။ ဒီမိုကရေစီသည် ထိုနည်းသဘောပင်**

### တာဝန်သိနိုင်ငံသား

ဒီမိုကရေစီစနစ်တွင် တာဝန်သိသော နိုင်ငံသားတစ်ဦးဖြစ်ရန်အတွက် လူတန်းစားမရွေး၊ အဆင့်အတန်းမရွေး လူတိုင်းတွင် တာဝန်ရှိကြပါသည်။ သို့သော်လည်း ဒီမိုကရေစီဓလေ့အားနည်းသော ဝန်းကျင်များတွင် ထိုတာဝန်များကို လူတိုင်းမယူတတ်ကြချေ။ တာဝန်ယူတတ်သော နိုင်ငံသား၊ တာဝန်သိနိုင်ငံသားဖြစ်ရန် ဆိုသည်ကလည်း မိမိတို့တာဝန်ယူရမည့်အရာများကို သိရှိနားလည်ထားပြီး လိုက်နာကြမှသာ ပိုမိုလွယ်ကူအဆင်စေပြေနိုင်ပါသည်။ ထိုသို့မဟုတ်ဘဲ တာဝန်ယူမှု အားနည်းလာသည့်နှင့်အမျှ ဒီမိုကရေစီ အသိုက်အဝန်းအပေါ် အပျက်သဘော အကျိုးသက်ရောက်မှုများဖြစ်စေမည်ဖြစ်ပါသည်။ လူတိုင်းကိုယ်စီက မိမိတာဝန်ကို ယူတတ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့၍ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်၌ တာဝန်သိနိုင်ငံသားတစ်ယောက်ဖြစ်ရန် ကဏ္ဍများစွာ ပါဝင်ပါသည်။ ယင်းတို့အနက် တရားဥပဒေကို လေးစားလိုက်နာခြင်း၊ လူမှုကျင့်ဝတ်များနှင့် ကိုယ်ကျင့်တရားဆိုင်ရာများ ပါဝင်ပါသည်။ တရားဥပဒေများကို လိုက်နာမှု အားနည်းပါက တာဝန်သိနိုင်ငံသား တစ်ယောက်အဖြစ် ဥပဒေဘောင်အတွင်း အဆင်ပြေစွာ နေထိုင်နိုင်မည် မဟုတ်ချေ။ အလားတူ လူမှုကျင့်ဝတ်များ၊ ကိုယ်ကျင့်တရားများ အားနည်းပါက ဒီမိုကရေစီစနစ်၏ မျှော်မှန်းချက်များသို့ မရောက်ရှိနိုင်ဘဲ ဆန့်ကျင်ဘက် အကျိုးများကို ဖြစ်စေတတ်ပါသည်။

### လူမှုကွန်ရက်၏ ဘေးထွက်ဆိုးကျိုး

**ဒစ်ဂျစ်တယ်ခေတ်တွင် ဆက်သွယ်ရေးစနစ် တိုးတက်မြင့်မားလာခြင်းနှင့်အတူ တစ်ဟုန်ထိုးထိုးဖောက်ဝင်ရောက်လာသည်မှာ လူမှုကွန်ရက် အသုံးပြုမှု မြင့်မားလာခြင်း ဖြစ်ပါသည်။ လူမှုကွန်ရက်များသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ပိုမိုတိုးတက် ကောင်းမွန်စေပါသည်။ သို့သော်လည်း အခြားတစ်ဖက်တွင် ဖြစ်ပေါ်လာသည့် အကျိုးဆက်တစ်ခုမှာ လူထုအတွင်း ပိုမိုသွေးကွဲစေခြင်း၊ အမုန်းတရားများပြားစေခြင်းနှင့် မယုံကြည်မှုများကို ဖြစ်ပေါ်စေပါသည်။ ထိုသို့သွေးကွဲစေရာတွင် ဒစ်ဂျစ်တယ် ယဉ်ကျေးမှု အားနည်းခြင်းမှာ အချက်တစ်ချက်ဖြစ်သကဲ့သို့ လူမှုကွန်ရက်များကို မမှန်မကန် အသုံးချမှုများမှာလည်း အရင်းခံအကြောင်းတရားတစ်ခုအဖြစ် တွေ့ရပါသည်။**



၁၆-၅-၂၀၂၁ ရက်က ဒီမိုကရေစီ အကြောင်းပြ၍ ကျင့်ဝတ်မဲ့ နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုနှင့် အကြမ်းဖက် သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကလေးမြို့ တောင်ဖီလာ ရပ်ကွက်ရှိ အလက(၁) ထ(ခွဲ) မီးလောင်ပျက်စီးမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးစဉ်။

ထိုမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွင်း သွေးကွဲမှုများကို ပိုမိုတွန်းအားပေးလျက်ရှိပြီး ဒီမိုကရေစီအရည်အသွေးဆိုင်ရာ ကျင့်ဝတ်များ၊ စံနှုန်းများကို လျော့ကျစေလျက်ရှိပါသည်။ လူမှုကွန်ရက်များကြောင့် ဒီမိုကရေစီရင့်ကျက်ပြီး နိုင်ငံများတွင်ပင် ဘေးထွက်ဆိုးကျိုးများ သက်ရောက်လျက်ရှိရာ ဒီမိုကရေစီအမြစ်တွယ်ခါစ နိုင်ငံများနှင့် လူမှုအသိုက်အဝန်းများတွင် ပိုမိုသက်ရောက်လျက်ရှိပါသည်။ Freedom House ၏ တိုင်းတာချက်အရ ကမ္ဘာတစ်ဝန်း ဒီမိုကရေစီအရည်အသွေးသည် ပြီးခဲ့သည့် ၁၅ နှစ်ဆက်တိုက် ကျဆင်းနေကြောင်း ဆိုပါသည်။

သို့ဖြစ်ရာ ဒီမိုကရေစီအလေ့အကျင့်များ၊ ဓလေ့များနှင့် တန်ဖိုးများ တည်ဆောက်ဆဲနိုင်ငံများအတွက် ပိုမိုသတိပြုဖွယ်ဖြစ်ပါသည်။

### ကျင့်ကြံလိုက်နာခြင်းဖြင့်

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ဒီမိုကရေစီဓလေ့များ ရှင်သန်ကြီးထွားလာရန် ဆိုသည်မှာ ပဒေသာပင်ပေါက်သကဲ့သို့ အလိုလိုပြည့်စုံလာသည့်သဘောမဟုတ်ချေ။ ထို့အတူ နတ်ရေကန်အတွင်း ပစ်ချသကဲ့သို့ ချက်ချင်းလက်ငင်း ပေါ်ထွန်းလာနိုင်သည့်စနစ်လည်း မဟုတ်ပါချေ။ သက်ဆိုင်သူတစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် လိုက်နာကျင့်ကြံမှသာ ဒီမိုကရေစီ၏ အနှစ်သာရများကို ခံစားရရှိမည်ဖြစ်ပါသည်။ ကိုယ်တိုင်လိုက်နာကျင့်ကြံခြင်းဖြင့် အကျိုးရရှိနိုင်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရားသည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင်အံ့သော၌ လျောင်းစက်တော်မူရာဝယ် စကြဝဠာတိုက်တစ်သောင်းတွင် ရှိသမျှသော လူနတ်ဗြဟ္မာအပေါင်းတို့ အထူးထူးသော ပူဇော်သက္ကာဖြင့် ရှိခိုးပူးဇော်လာကြကုန်သည်ကို မြင်တော်မူသောအခါ အရှင်အာနန္ဒာကို ခေါ်၍ ဤသို့မိန့်ကြားတော်မူခဲ့ပါသည်။

"ချစ်သား အာနန္ဒာ ဤလူနတ်ဗြဟ္မာအပေါင်းတို့သည် အထူးထူးသော ပူဇော်သက္ကာဖြင့် ငါဘုရားအား ဤသို့ရှိခိုးပူဇော်ရုံမျှဖြင့် ပူဇော်သည် မမည်သေး၊ မြတ်နိုးတနာပြုသည် မမည်သေး၊ လောကုတ္တရာ အားလျော်သောအမှုကို ပြုသည်မမည်သေး၊ ချစ်သား အာနန္ဒာ ငါဘုရား ပညတ်တော်မူခဲ့သော ဝါရိတ္တသီလ၊ စာရိတ္တ သီလတို့ကို ရိုသေစွာ ကျင့်ဆောင်ခြင်း၊ ဓမ္မာနုဓမ္မပဋိပန္န ဟု ဆိုအပ်သော လောကုတ္တရာ တရားအားလျော်သော အကျင့်တို့ကို ရိုသေစွာ ကျင့်ဆောင်ခြင်းတို့သာလျှင် ငါဘုရားကို ရိုသေမြတ်နိုးသည် မည်၏၊ ချစ်ကြည်လေးမြတ်သည်မည်၏၊ ရှိခိုးပူဇော်သည် မည်၏၊ ထို့ကြောင့် ငါ ဘုရားသာသနာ၌ ချမ်းသာကို အလိုရှိကုန်သော လူတို့သည် လောကုတ္တရာတရား၏ ရှေ့အဖို့ဖြစ်သော ကျင့်ဝတ်ပဋိပတ်ကို ရိုသေစွာ ကျင့်သုံးရာသည်။" ဟု မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါသည်။

အလားတူပင် ဒီမိုကရေစီဆိုသည်မှာ ကိုယ်တိုင်လိုက်နာကျင့်ကြံကြမှသာ ယင်း၏အကျိုးကို ခံစားနိုင်သည့်စနစ်ဖြစ်ပါသည်။

### ဉာဏ်ပညာနှင့်ယှဉ်သော

**ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်းရှိ လူတိုင်းသည် ဒီမိုကရေစီ၏ လွတ်လပ်ခွင့်များ၊ အခွင့်အရေးများ၊ တရားမျှတမှုများနှင့် အနှစ်သာရများကို ရယူပိုင်ဆိုင်လိုကြပါသည်။ ထိုသို့ ရယူပိုင်ဆိုင်ရန် ကြိုးပမ်းကြရာတွင် ဉာဏ်ပညာနှင့် ယှဉ်ကြရန် လိုအပ်ပါသည်။ ဉာဏ်နှင့်ယှဉ်သော လုပ်ဆောင်မှုနှင့်ပတ်သက်၍ "ပျားရည်စုဆောင်းသော ပျားသည် ပန်း၏အရောင်နှင့်မွှေးရနံ့ကို မထိခိုက်၊ မနှောင့်ယှက် သကဲ့သို့ ဉာဏ်ပညာရှိသူသည် ထိုနည်းတူစွာ လောကတွင် သွားလာလှုပ်ရှားလေ၏။" ဟု မှတ်သားဖူးပါသည်။ ဒီမိုကရေစီသည် ထိုနည်းသဘောပင်။ ။**

## တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လို

ယနေ့ခေတ်သည် သတင်းနှင့်နည်းပညာခေတ်ဖြစ်သဖြင့် အင်တာနက်မှတစ်ဆင့် များစွာလေ့လာသင်ယူနိုင်ကြောင်း၊ လေ့လာမှုများ ဆောင်ရွက်ရာတွင်လည်း ထဲထဲဝင်ဝင်၊ ထိထိရောက်ရောက် လေ့လာနိုင်ရန်လိုကြောင်း၊ မိမိကိုယ်တိုင် တန်ဖိုးရှိရန်အတွက် မိမိတို့ အလုပ်ကို အလေးထားရန်နှင့် မိမိတို့ တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန် လိုကြောင်း၊ အလေးထားခြင်းနှင့် လေးစားခြင်း နှစ်မျိုးရှိကြောင်း၊ ငွေကိုအလေးထားသူများက ငွေနောက်ကိုလိုက်ကြပြီး ပညာအလေးထားသူများက ပညာနောက်ကိုလိုက်ကြကြောင်း၊ အလုပ်ကိုအလေးထားပါက အလုပ်ကို အချိန်ပေး၍ စူးစိုက်ပြီး ဆောင်ရွက်ရကြောင်း၊ အလားတူ အချိန်ကိုလည်း လေးစားတန်ဖိုးထားရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ဖိတ်ကြားခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ကြေညာချက်အမှတ် ၁ / ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

**ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့်**
**စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ဖိတ်ကြားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟု အစိုးရအနေဖြင့် မူဝါဒချထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ NCA အတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် "၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့ နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်" ဟု ပြောကြားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၅ နှစ်ခန့်ရှိပြီး ဖြစ်သော်လည်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာခိုင်မာမှုနှင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှိသင့်သလောက်မရှိဘဲ ခွန်အားများ၊ စွမ်းအားများ ဆုံးရှုံးလျက်ရှိပါသည်။ ၎င်းခွန်အား၊ စွမ်းအားများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားပြည့် အသုံးပြုနိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိဖို့ လိုအပ်ပါသည်။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာအရေးကြီးပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီအများစုမှလည်း ၅ နှစ်အတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ ၃ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၇) ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် (၂) ကြိမ်၊ စုစုပေါင်း (၃၄) ကြိမ် တွေ့ဆုံခဲ့ပါသည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ပါသည်။ ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ် နှီးနှောဖလှယ်နိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်းလည်း အလေးထားဖော်ပြအပ်ပါသည်။

၆။ နိုင်ငံတော်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၃)ရပ်အနေဖြင့် **အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်**မှာ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ဖြစ်ပြီး **နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်** မှာ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဖြစ်ပါသည်။ သို့ဖြစ်၍ **ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်** အဖြစ် ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်မည်ဖြစ်ပါသည်။


၇။ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် သမိုင်းအစဉ်အဆက်ဖြစ်ပေါ်တည်ရှိလာသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရေးအတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေးသွားကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့် အခါသမယတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် စည်ကားသိုက်မြိုက်စွာကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်နိုင်ရေး ဝိုင်းဝန်းအကျိုးဆောင်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်တွင်းအခွန်များဦးစီးဌာနကို ခေတ်မီသော အခွန်ဌာနတစ်ရပ်ဖြစ်လာစေရန် အကောင်အထည်ဖော်နေ

နေပြည်တော် ဖေဖော်ဝါရီ ၈





ပြည်တွင်း အခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၇၆) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က သင်တန်းသား သင်တန်းသူများအနေဖြင့် အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စာရင်းကိုင်ပညာ၊ အခွန်ဆိုင်ရာစာရင်းစစ်ဆေးခြင်း၊ သတင်းအချက်အလက်နည်းပညာကို အခြေခံပြီး ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲနေသော အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် အခွန်စည်းကြပ်ကောက်ခံခြင်းကို လက်တွေ့စာတွေ့ ပေါင်းစပ်လေ့လာပြီး မိမိတို့ရရှိလာသည့် အတွေ့အကြုံ ပညာများနှင့်အတူ အခွန်ထမ်းပြည်သူများကို စိတ်ရင်းစေတနာအမှန်ဖြင့် ဝန်ဆောင်မှုပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများအပြည့်အဝရရှိရေး ဆောင်ရွက်ကြရာ၌ အခွန်ထမ်းပြည်သူများက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ဥပဒေများအရ ပေးဆောင်သင့်သည့် အခွန်ငွေများကို တာဝန်သိစွာ ပေးဆောင်စေရေးကို အသိပညာပေး စည်းရုံးဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနကို ပွင့်လင်းမြင်သာမှုရှိသည့် ခေတ်မီသော အခွန်ဌာန တစ်ရပ်ဖြစ်လာစေရန် အဓိကဦးတည် အကောင်အထည်ဖော်နေသဖြင့် ယင်းလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် သင်တန်းသား သင်တန်းသူများ အပါအဝင် အခွန်ဝန်ထမ်းများအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ အဖွဲ့အစည်းများ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၉ ဦးတို့ကို ရက်သတ္တပတ် (၈) ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးမြေ ဧက ၃၀၀ ကို အကျိုးပြုမည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် ကံမလေးလျှပ်စစ် မြစ်ရေတင်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

**မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ကံမလေးကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသည့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ် ကံမလေးလျှပ်စစ်မြစ်ရေတင် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါရေတင်စခန်း၌ ကျင်းပသည်။**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဌာနဆိုင်ရာများ၊ ဒေသနေတောင်သူများ တက်ရောက်ကြသည်။

ရေဝတီမြစ်ရေကို ရေတင်စက်များဖြင့် တင်ယူ၍ စိစစ်ပြီး စိုက်ပျိုးမြေ ဧက ၃၀၀ ကို အကျိုးပြုမည့် အဆိုပါ ကံမလေးလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကီလိုဝပ် ၁၇၀ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အားနှင့် ပင်မဓာတ်အားလိုင်းမှ လျှပ်စစ်ကို အလှည့်ကျအသုံးပြု၍ ရေတင်မော်တာများကို မောင်းနှင်ကာ အမြင့် ၄၁ ပေကျော်ရှိ ရေစုကန်နှင့် ရေသွယ်မြောင်းများမှတစ်ဆင့် ဒေသအတွက် စိုက်ပျိုးရေပေးဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



ရေသောက်ဧရိယာ အတွင်းရှိ တောင်သူများ ပါဝင်သည့် ရေအသုံးချသူများအဖွဲ့ (WUG) များ ဖွဲ့စည်း၍ စိုက်ပျိုးရေများ အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပြီး စပါးနှင့် မြေပဲသီးနှံကို လယ်ယာသုံး စက်ကိရိယာများ အသုံးပြု စိုက်ပျိုးရေးအပါအဝင် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကာ ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် စိုက်ပျိုးရေးသာမက အပိုဝင်ငွေရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်နိုင်ရေးကိုပါ စီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြပြီး သက်တမ်း ၃၄ နှစ်ကျော်ပြီဖြစ်၍ ရေတင်စက်များနှင့် ရေပေးအဆောက်အအုံများ ပြုပြင်မွမ်းမံရန် လိုအပ်ချက်များ၊ ပင်မဓာတ်အားလိုင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အား အလှည့်ကျအသုံးပြုခြင်းအပါအဝင် လျှပ်စစ်မီး အလုံအလောက် အသုံးပြုနိုင်မည့် နည်းလမ်းများဖြင့် ဧကရှစ်ထောင်ခန့်ရှိ ရေသောက်စနစ်အတွင်းမှ စိုက်ပျိုးမြေများအားလုံး စိုက်ပျိုးရေ အပြည့်အဝ ပြန်လည်ပေးဝေနိုင်ရေး၊ သီးထပ် သီးညှပ်တိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းကလည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းရင်းကြက်မွေးမြူရေး သုတေသနနှင့် မျိုးထိန်းမျိုးပွား ခြံလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးလက်ပံခြေပေါ် လျှပ်စစ် မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိကြပြီး ရေအဝင်လမ်းကြောင်း သဲသောင်တူးဖော်ခြင်းလုပ်ငန်းနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ငှါသရောက်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် ဆိုလာ အချပ် ၁၂၆၀ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးစိုက်ပျိုးရေး သုတေသနခြံ၏ အပူပိုင်းဒေသနှင့် ကိုက်ညီသော သီးနှံမျိုးများဆိုင်ရာ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူတပ်နယ် တပ်ရင်း/တပ်ဖွဲ့များ၏ အသက်နှစ်နှစ်အောက် ကလေးငယ်များ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဖေဖော်ဝါရီ ၈

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ်အတွင်းရှိ အသက်နှစ်နှစ်အောက် ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းများကို တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံမှ ပါရဂူများနှင့် ဆရာဝန်များက ကိုယ်ဝန်ဆောင်မိခင် ခုနစ်ဦးနှင့် ကလေးငယ် ၄၁ ဦးတို့ကို ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ပိုလီယို ကာကွယ်ဆေးနှင့် ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ လေးစီးဖြင့် နှာခေါင်းစည်း (Mask) ၃၉ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၈

**(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆) တွင် ယနေ့နံနက် ၉ နာရီက ဦးစီးဌာနများ၏ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုး ပြိုင်ပွဲအခမ်းအနား ကျင်းပသည်။**

ပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဦးတင်ထွတ်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဇနီး၊ တာဝန်ရှိသူများနှင့် ဌာနအသီးသီးမှ အရာထမ်း/အမှုထမ်းများ တက်ရောက် အားပေးကြသည်။ **(ယာပုံ)**

ပြိုင်ပွဲအပြီးတွင် အကဲဖြတ်ဒိုင်လူကြီးများက အမှတ်ပေးစည်းမျဉ်းများနှင့်အညီ စိစစ်အကဲဖြတ် အမှတ်ပေးခဲ့ကြပြီး ပထမဆုရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းကို အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က လည်းကောင်း၊ ဒုတိယဆုရ ပြည်ထောင်စုဝန်ကြီးရုံးအသင်းကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက လည်းကောင်း၊ တတိယဆုရ သမဝါယမဦးစီးဌာနအသင်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က လည်းကောင်း၊ နှစ်သိမ့်ဆုရ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအသင်းကို ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဒွန်းကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**



# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ရှောင်လမ်းသစ်နှင့် မွန်ဆရီးကျေးရွာကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

ဘားအံ ဖေဖော်ဝါရီ ၈

**၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ရှောင်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ ကမော့ကစင်(ရဲသာ)ကျေးရွာရှိ အဆိုပါလမ်းပိုင်း၌ ကျင်းပသည်။**

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခင်က ဘားအံမြို့ကို ဖြတ်၍ လှိုင်းဘွဲ့မြို့၊ ကော့ကရိတ်မြို့နှင့် မြဝတီမြို့များသို့ သွားရောက်မည့် ကုန်တင်ယာဉ်များသည် သံလွင်တံတား သုံးမြောင့်လမ်းဆုံမှ သထုံ - ဘားအံ - ကော့ကရိတ်- မြဝတီ လမ်းအတိုင်း နောင်လုံတောင်ကြားကိုဖြတ်၍ နောင်လုံလမ်းဆုံမှ ဘားအံမြို့တွင်း (လှိုင်းဘွဲလမ်းဆုံမီးပွိုင့်)ကို ကွေ့ပတ်သွားလာရသည့်အတွက် ခရီးကြန့်ကြာမှုများရှိခဲ့ပြီး ဘားအံမြို့ရှောင်လမ်း ဖောက်လုပ်ခြင်းအားဖြင့် လမ်းခရီးကို ၁၃ ဒသမ ၀ ကီလိုမီတာကျော်ခန့် တိုတောင်းစေမည်ဖြစ်ကာ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်၍ ယာဉ်ကြောပိတ်ဆို့မှုများ ကင်းဝေးစေသည့် အကျိုးကျေးဇူးနှင့်အတူ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ(ဓာတ်ပုံ) မြို့ရှောင်လမ်းသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် ဘားအံမြို့ရှောင်လမ်းသစ်သည် ဘားအံမြို့ သုံးမြောင့်လမ်းဆုံမှ ကမော့ကစင်ကျေးရွာကို ဖြတ်ပြီး လှာကဒေါင်ကျေးရွာထိ ဖောက်လုပ်ရန် လျာထားဆောင်ရွက်ခဲ့ပြီး လှာကဒေါင်ရွာအတွင်းရှိ မူလကတ္တရာလမ်းကို ၂၄ ပေ ချဲ့ခြင်းလုပ်ငန်းအပြင် ဆောင်ရွက်ပြီး လမ်းများကို ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၂၀-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်သော မွန်ဆရီးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို နံနက် ၉ နာရီတွင် အဆိုပါမုခ်ဦး၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မွန်ဆရီးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းကို ကြည့်ရှုစစ်ဆေးသည်။

မွန်ဆရီးကျေးရွာရှိ သဘာဝရှုခင်းအလှများ၊ ပန်းခြံများ၊ ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလည်ပတ်သည့် ခရီးစဉ်ဒေသများအနက်မှ တစ်ခုဖြစ်ပြီး ကိုဗစ် အလွန်ကာလတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ကျန်ရှိသည့် လမ်းပိုင်းကို လာမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် အရှည် ပေ ၃၆၀၀၊ အကျယ် ၁၆ ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ်လမ်းအဖြစ်သို့ ထပ်မံအဆင့်မြှင့်တင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ဦးရေ ၂၈၆၀၀၀ ကျော် ဆောင်ရွက်ပေးပြီးဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး အတွင်း ပြည်သူလူထုအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနေရာ ကိုးလကာလအတွင်း လူဦးရေ၂၈၆၀၀၀ ကျော်ကို ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းမြင့်က ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး ဆောင်ရွက်နိုင်ရန် လျာထားဦးရေပမာဏမှာ ၃၈၀၀၁၆ ဦးလျာထားခဲ့ပြီး ၂၀၂၁ ခုနှစ် မေလ ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလကုန်အထိ ကိုးလတာကာလတွင် မြို့နယ် ရှစ်မြို့နယ်ရှိ လူဦးရေ ၂၈၆၀၀၀ ကျော်ကို နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးနိုင်ခဲ့ပြီး အိမ်ထောင်စုလူဦးရေစာရင်းအနေဖြင့် ၁၅၆၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရာခိုင်နှုန်းအနေဖြင့် ၇၅ ဒသမ ၃၃ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးရန် လူဦးရေ ၉၃၇၀၀ ကျော်ကို ကျန်ရှိသည့်ကာလများ မတိုင်မီ အပြီးထုတ်ပေးနိုင်စေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်း ဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေနဲ့ ပန်းခင်းစီမံချက် အလျင်အမြန်ပြီးစီး အောင်မြင်ရေးအတွက် ပြည်သူလူထုအား အသိပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်နေပါတယ်။ လက်ကမ်းစာစောင်များ ဝေခြင်းလုပ်ငန်းကို မြို့နယ် ၂၈ မြို့နယ်ရှိတဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုများမှာ အစောင်ရေ ၅၆၀၀၀၀ ကျော် ပေးဝေဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း LED ဘုတ်မော်တော်ယာဉ်ဖြင့် မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စုများအရောက် လှည့်လည်လှုံ့ဆော် အသိပညာပေးခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ပန်းခင်းစီမံချက်ဟာ ဝန်ကြီးဌာနအနေနဲ့ လုပ်ခဲ့သမျှ စီမံချက်တွေထဲမှာ အထူးခြားဆုံးစီမံချက် တစ်ခုဖြစ်ပါတယ်။ အသက် ၁၈ နှစ်ပြည့်ပြီးသော မွေးရာပါနိုင်ငံသားများနဲ့ ဥပဒေအရနိုင်ငံသားများကို ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးနဲ့ အိမ်ထောင်စုလူဦးရေစာရင်း ရရှိအောင် ထုတ်ပေးသွားမှာပါ။ အထူးခြားဆုံးအနေနဲ့ စီမံချက်မှာ လျှောက်ထားသူ ပြည်သူများအတွက် ဓာတ်ပုံလုပ်ငန်းနဲ့ သွေးအမျိုးအစား စစ်ဆေးခြင်း လုပ်ငန်းများရဲ့ ကုန်ကျစရိတ်ကို နိုင်ငံတော်ဘတ်ဂျက်ကနေ အကုန်အကျခံပြီး ပြည်သူလူထုအတွက် လူမှုဘဝကဏ္ဍအသီးသီးမှာ အသုံးဝင်လိုအပ်နေတဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြားနဲ့ အိမ်ထောင်စု လူဦးရေစာရင်းများကို ပြည်သူတိုင်းရဲ့ လက်ဝယ်ရရှိအောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ၎င်းကရှင်းပြသည်။

တိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခရိုင်တွင် မြို့နယ် ၂၈ မြို့နယ်ရှိပြီး ပန်းခင်းစီမံချက်ကို ဇန်နဝါရီလကုန်အထိ ရာနှုန်းပြည့်ပြီးစီးခဲ့သည့် မြို့နယ် ရှစ်မြို့နယ်ရှိကြောင်း၊ အဆိုပါ မြို့နယ်များမှာ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ သာစည်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝ ပြည့်စုံလုံခြုံစေရန်အတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို စီမံချက် အမည်အမျိုးမျိုး၊ အသွင်သဏ္ဌာန်အမျိုးမျိုးတို့နှင့် ဆောင်ရွက်ပေးလျက်ရှိခဲ့ကြောင်း၊ အဆိုပါ ပန်းခင်းစီမံချက်ကို တိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် မေလ ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ကာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်အထိ ၁၈ လကာလသတ်မှတ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် မြို့နယ်များမှာရှိသည့် ပြည်သူလူထုအနေဖြင့်လည်း လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် စာလုံးစာသားသရုပ်ဖော်နှင့် ဘင်ခရာအဖွဲ့တို့တွင်ပါဝင်သည့် ကျောင်းသားကျောင်းသူများ နေပြည်တော်အတွင်း လှည့်လည်လေ့လာ




(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အမည်စာလုံးစာသားသရုပ်ဖော်နှင့် ဘင်ခရာအဖွဲ့တို့တွင် ပါဝင်သည့် ကျောင်းသား ကျောင်းသူများ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ သွားရောက်လေ့လာ (အပေါ်ယာပုံ) နှင့် ဈေးရောင်းဆိုင်ခန်းများ၌ ကြည့်ရှုဝယ်ယူကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အမည်စာလုံးစာသားသရုပ်ဖော်နှင့် ဘင်ခရာအဖွဲ့တို့တွင် ပါဝင်သည့် ကျောင်းသား ကျောင်းသူများနှင့် အုပ်ထိန်းသူ ဆရာ ဆရာမများသည် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း(ရွာတော်) သို့ ဖေဖော်ဝါရီ ၇ ရက်တွင် ရောက်ရှိကြပြီး ဂုဏ်ပြုအခမ်းအနားကို ပါဝင်ဆောင်ရွက်ကြမည် ဖြစ်သည်။

**စီစဉ်ဆောင်ရွက်ပေး**

အဆိုပါ ကျောင်းသား ကျောင်းသူများ စိတ်လက်အပန်းပြေစေရေးနှင့် ဗဟုသုတရစေရေးအတွက် ယနေ့နံနက်ပိုင်းမှစတင်၍ မာရဝိဇယ ဘုမိဖဿ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်း လုပ်ငန်းခွင်၊ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ အမျိုးသားပြတိုက် (နေပြည်တော်)နှင့် နေပြည်တော်ရေပန်းဥယျာဉ်တို့သို့ သွားရောက်လေ့လာနိုင်ရေး တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးသည်။

**စုစုပေါင်း ၁၂၄၀ ပါဝင်**

အဆိုပါ လေ့လာရေးအဖွဲ့တွင် အုပ်ထိန်းသူ ဆရာ ဆရာမများ အပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၄၀ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**




(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အမည်စာလုံးစာသားသရုပ်ဖော်နှင့် ဘင်ခရာအဖွဲ့တို့တွင် ပါဝင်သည့် ကျောင်းသား ကျောင်းသူများ အမျိုးသားပြတိုက် (နေပြည်တော်)၌ လေ့လာကြစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပမည့် နေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ဝန်း၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မြန်မာနိုင်ငံတစ်ဝန်း၌ ခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်သည်။



မန္တလေးမြို့ ကျုံးရေ၌ ရောင်စုံမီးများ ထွန်းညှိထားစဉ်။

အဆိုပါအခမ်းအနားအတွက် ကြိုတင် ပြင်ဆင်မှုများအဖြစ် နေပြည်တော်ရှိ လူစည်ကားရာ လမ်းဆုံများတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပြည်ထောင်စုအလံတော် သယ်ဆောင်လာမည့် ရာဇသင်္ဂဟလမ်းတစ်လျှောက်တွင် မြန်မာနိုင်ငံတော်အလံနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အထိမ်းအမှတ်ပါ အလံများ စိုက်ထူထားခြင်းနှင့် ယင်းလမ်းတစ်လျှောက်ရှိ အဝိုင်းများတွင် လျှပ်စစ်မီးရောင်များ ထွန်းညှိထားမှုများ၊ တိုင်းရင်းသားရုပ်ပုံကားချပ်များဖြင့် အလှဆင်ထားရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမ၌ ဆိုင်းဘုတ်များ ဂုဏ်ပြုစိုက်ထူထားခြင်း၊ မဟာဗန္ဓုလ ပန်းခြံအတွင်း ရောင်စုံအလှမီးများ ထွန်းညှိပြင်ဆင်ထားခြင်း၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်၌ ရောင်စုံအလှမီးများပြင်ဆင်၍ ဂုဏ်ပြုဆိုင်းဘုတ် စိုက်ထူထားခြင်း၊ ဦးဝိစာရအဝိုင်း၊ ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်းနှင့် စမ်းချောင်းမြို့နယ် ဟံသာဝတီအဝိုင်းတို့၌ ရောင်စုံမီးအလှများ ဆင်ယင်ထားခြင်းနှင့် ဆိုင်းဘုတ်များဂုဏ်ပြုစိုက်ထူထားခြင်းများဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြသည်။

ထို့အတူ မန္တလေးမြို့ ကျုံးအတွင်း ရေပန်းများ ဖွင့်လှစ်ခြင်း၊ နန်းမြို့ရိုးတစ်လျှောက်ရှိ တံတိုင်းများ၊ ကျုံးပတ်လမ်းရှိ ရတနာပုံဥယျာဉ်လမ်း တစ်လျှောက်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးရုံးတို့၌လည်း ရောင်စုံမီးများ ထွန်းညှိခြင်းများ ဆောင်ရွက်ထားကြောင်း သိရှိရသည်။

ထို့ပြင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင်လည်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသည့်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နိုင်ငံရေးပါတီများအား စစ်ဆေးရန် အကြောင်းကြား

နေပြည်တော် ဖေဖော်ဝါရီ ၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ဖွဲ့စည်းပြီး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ တို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ဦးဆောင်ပြီး စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးခဲ့ရာ ကချင်ပြည်နယ် အခြေစိုက်ပါတီ ၅ ပါတီ၊ ကရင်ပြည်နယ် အခြေစိုက်ပါတီ ၂ ပါတီ၊ စစ်ကိုင်းတိုင်းဒေသကြီး အခြေစိုက်ပါတီ ၂ ပါတီ၊ တနင်္သာရီတိုင်းဒေသကြီး အခြေစိုက်ပါတီ ၁ ပါတီ၊ ပဲခူးတိုင်းဒေသကြီး အခြေစိုက်ပါတီ ၃ ပါတီ၊ မန္တလေးတိုင်းဒေသကြီး အခြေစိုက်ပါတီ ၂ ပါတီ၊ မွန်ပြည်နယ် အခြေစိုက်ပါတီ ၃ ပါတီ၊ ရခိုင်ပြည်နယ် အခြေစိုက်ပါတီ ၇ ပါတီ၊ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက်ပါတီ ၂၄ ပါတီ၊ ရှမ်းပြည်နယ်အခြေစိုက် ပါတီ ၁၃ ပါတီ၊ ဧရာဝတီတိုင်းဒေသကြီးအခြေစိုက် ပါတီ ၁ ပါတီနှင့် ပြည်ထောင်စုနယ်မြေ အခြေစိုက်ပါတီ ၄ ပါတီ၊ စုစုပေါင်း နိုင်ငံရေးပါတီ ၆၇ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက်ပါတီများဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက်ပါတီများဖြစ်သော ခေတ်သစ်ပြည်သူ့ပါတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ၊ ကမန်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အခြေခံလူတန်းစားဘဝ မြင့်မားရေးပါတီတို့ကို လည်းကောင်း စစ်ဆေးခံနိုင်ရန် အကြောင်းကြားထားကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ၂၀၂၁ ခုနှစ်အတွင်း ကော်မရှင်သို့ပေးပို့လာသော တိုင်တန်းချက်များနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့မှုတို့နှင့် စပ်လျဉ်းသည့်သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၂၂)

၁။ ၂၀၂၁ ခုနှစ်အတွင်း လူ့အခွင့်အရေး ဖောက်ဖျက်ခံရသည် ဟုဆိုကာ ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်စောင်ရေ (၂၇၇) စောင်ကို လက်ခံရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ တိုင်တန်းချက် လက်ကျန် (၃၁) စောင်ရှိသဖြင့် စုစုပေါင်းတိုင်တန်းချက် (၃၀၈) စောင်ကို ကော်မရှင်စုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းအဝေးက အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း | ၇၂ မှု |
| (ခ) | တိုင်တန်းသူများထံ လိုအပ်ချက်နှင့် အကြံပြုချက်များ အကြောင်းကြားပေးပို့ခြင်း | ၅၆ မှု |
| (ဂ) | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | ၁ မှု |
| (ဃ) | မှတ်တမ်း ထိန်းသိမ်းထားရှိခြင်း | ၁၇၉ မှု |
| | **စုစုပေါင်း** | **၃၀၈ မှု** |

၂။ ကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များနှင့်ပတ်သက်၍ လက်ခံရရှိမှုကိုလည်း တိုင်တန်းသူများထံ ပြန်ကြားစာများ ပေးပို့ခဲ့ပါသည်။

၃။ မှတ်တမ်းထားရှိသော တိုင်တန်းချက် (၁၇၉) စောင်သည် ကော်မရှင်ဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ (ခ) (ဂ) နှင့် ကော်မရှင်ဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ (က)၊ (ခ) တို့အရ စိစစ်ဆောင်ရွက်ရန်မလိုအပ်သဖြင့် မှတ်တမ်းထားရှိခဲ့ပါသည်။

၄။ ကော်မရှင်မှ လက်ခံရရှိသော တိုင်တန်းချက်များတွင် အများဆုံးရရှိသော အမှုအမျိုးအစားများမှာ မြေအငြင်းပွားမှု ၂၄.၁၈ ရာခိုင်နှုန်း၊ ရဲနှင့် သက်ဆိုင်သောမှု ၅.၄၁ ရာခိုင်နှုန်း၊ တရားရေးနှင့် သက်ဆိုင်သောအမှု ၄.၆၉ ရာခိုင်နှုန်းနှင့် အကျဉ်းထောင်နှင့်သက်ဆိုင်သောအမှု ၄.၃၃ ရာခိုင်နှုန်းတို့ဖြစ်ပြီး ပေးပို့မှုအများဆုံးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ၃၀.၆၈ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီးမှ ၁၄.၄၄ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀.၈၃ ရာခိုင်နှုန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၀.၁ ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။

၅။ တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ စိစစ်ပေးနိုင်ရန် ညှိနှိုင်းအကြောင်းကြားပေးပို့ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း စိစစ်ပြန်ကြားစာ (၂၂၇) စောင် လက်ခံရရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပြီး ယင်းပြန်ကြားချက်များကို သက်ဆိုင်ရာ တိုင်ကြားသူများထံ အသိပေးပြန်ကြားပေးခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ၂၀၁၈ ခုနှစ် တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | ၂ စောင် |
| (ခ) | ၂၀၁၉ ခုနှစ် တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | ၁၄ စောင် |
| (ဂ) | ၂၀၂၀ ပြည့်နှစ် တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | ၁၅၂ စောင် |
| (ဃ) | ၂၀၂၁ ခုနှစ် တိုင်တန်းချက်များအပေါ် ပြန်ကြားချက် | ၅၉ စောင် |
| | **စုစုပေါင်း** | **၂၂၇ စောင်** |

၆။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်အတွင်း အကျဉ်းထောင် (၁၀) ခု၊ အချုပ်ထောင် (၁) ခု၊ အလုပ်စခန်း (၉) ခု၊ ရဲစခန်းအချုပ်ခန်း (၁၂) ခုနှင့် တရားရုံးအချုပ်ခန်း (၃) ခုတို့ကို ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ မညီ၊ လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၇။ ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အကျဉ်းသားအိပ်ဆောင်၊ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေး၊ အကျဉ်းထောင်ဆေးခန်းနှင့် သန့်ရှင်းရေးဆိုင်ရာများ၊ မိလ္လာစနစ်ကောင်းမွန်ရေး၊ မိသားစုနှင့် ဆက်သွယ်ခွင့်ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရရှိရေး၊ အကျဉ်းထောင် စာကြည့်တိုက်နှင့် အစားအသောက်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်ဆိုင်ရာများ ပါဝင်သော အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။ ကြည့်ရှုစစ်ဆေးရာတွင် ယခင်ကြည့်ရှုစစ်ဆေးစဉ်က အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်း စစ်ဆေးခဲ့ပါသည်။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့နှင့် သီးခြားတွေ့ဆုံလိုသည့် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူ (၉၀) ဦးတို့ကို လက်ခံတွေ့ဆုံခဲ့ပြီး ယင်းတို့၏တင်ပြချက်များအပေါ် မှတ်တမ်းတင်စိစစ်ကာ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းအကြောင်းကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

၈။ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ၊ ပြဋ္ဌာန်းချက်များနှင့်အညီ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးကလေးများ သင်တန်းကျောင်း (မလိခ) ကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ လူငယ်သင်တန်းကျောင်းများတွင် ထိန်းသိမ်းစောင့်ရှောက်ထားသော ကလေးသူငယ်များအား ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ သန့်ရှင်းသော သောက်သုံးရေရရှိခွင့်စသည့် အခြေခံလူ့အခွင့်အရေးများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ကြည့်ရှုစစ်ဆေး တွေ့ရှိချက်များအပေါ် အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။

၉။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်အတွင်း အကျဉ်းထောင်များ၊ အလုပ်စခန်းများနှင့် လူငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် သုတ၊ ရသ စာအုပ်စာပေ (၃၅၆၀) အုပ်နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ်များကို လှူဒါန်းပေးခဲ့ပါသည်။

၁၀။ တိုင်ကြားနိုင်သည့် နည်းလမ်းများကို သတင်းစာများတွင် အခါအားလျော်စွာ ကြေညာပေးခြင်း၊ www.mnhrc.org.mm တွင် လေ့လာသိရှိနိုင်ရန် ထုတ်ပြန်ထားပါသည်။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် မသန်စွမ်းသူ၏ အခွင့်အရေး ဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် မသန်စွမ်းသူ၏ အခွင့်အရေး ဖောက်ဖျက်ခံရခြင်းများ ခံစားတွေ့ကြုံရပါကလည်း တိုင်တန်းနိုင်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်**

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဟောပြောပွဲနှင့် စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၈**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဟောပြောပွဲနှင့် စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း မြသီလာခန်းမ၌ ကျင်းပရာ ဆရာမဒေါ်သဇင် ဦးဆောင်သည့် ကျောင်းသူလေးများ ဗိုလ်ရှုသဘင်သီချင်း သီဆိုကပြဖွင့်လှစ်သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးဝင်းဘိုက ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲ ပြိုင်ပွဲများကျင်းပခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ဆရာမဒေါ်နုနုလွင်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ဟောပြောသည်။

ဆက်လက်၍ "ပြည်ထောင်စုနေ့ တို့မမေ့" ခေါင်းစဉ်ဖြင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပသည်။ ဆုရရှိသူများကို ပြည်ထောင်စုနေ့တွင် ဆုချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

# ပြည်သူလူထုသို့ အသိပေးကြေညာချက်

**ရက်စွဲ- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားရခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းတို့ရှိပါက အချိန်နှင့်တစ်ပြေးညီ (၂၄) နာရီပတ်လုံး သတင်းပေးပို့ဆက်သွယ်စုံစမ်းနိုင်ရေးအတွက် ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့များ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ သက်ဆိုင်ရာ ခရိုင်အလိုက် ဆက်သွယ်နိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးလိုသူများအနေဖြင့်လည်း အဆိုပါ ခရိုင်အလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ သက်ဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များမှ ချိတ်ဆက်ပေးသည့် ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် နေ့စဉ်နံနက် (၉)နာရီမှ ညနေ (၄) နာရီအထိ ပိတ်ရက်မရှိ COVID-19 Rapid Antigen Test (RDT) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဓာတ်ခွဲစစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအနက် ဆေးရုံ/ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကုသမှုခံယူရန်လိုအပ်သော လူနာများအတွက်လည်း ခရိုင်အလိုက် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီ (Bed Management Committee) များက ချိတ်ဆက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

တောင်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ

၀၉ ၈၈ ၂၅၅၅၀၆၇
၀၉ ၈၈ ၂၅၅၅၀၆၈
၀၉ ၈၈ ၂၅၅၅၀၆၉

မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ် တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ

၀၉ ၈၈ ၂၅၅၅၀၆၃
၀၉ ၈၈ ၂၅၅၅၀၇၁
၀၉ ၈၈ ၂၅၅၆၃၃၈
၀၉ ၈၈ ၂၅၅၆၃၄၀

အနောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ

၀၉ ၈၈ ၂၅၅၅၀၆၄
၀၉ ၈၈ ၂၅၅၅၀၆၅

အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ

၀၉ ၈၈ ၂၅၅၅၀၄၉
၀၉ ၈၈ ၂၅၅၅၀၆၁
၀၉ ၈၈ ၂၅၅၅၀၆၂

ကျန်းမာရေးဝန်ကြီးဌာန

# ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၄၅ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

**(၈-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၂၅,၁၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၁၄၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄.၅၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၇၁,၄၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၉,၅၅၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၁၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၄,၄၃၄) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၉-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၇၄၂) ခု | (၂၃၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၉) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၀) ခု | (၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၉) ခု | (၂၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၀၈) ခု | (၁၇၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၅၀၄) ခု | (၁၃၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၀၃၄) ခု | (၅၆၃) ဦး |
| **စုစုပေါင်း** | (၂၅,၁၅၆) ခု | (၁,၁၄၅) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နှီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နီးလျက်နဲ့ မဝေးစေလို

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

*ယမန်နေ့မှအဆက်*

## မြင်ကွင်း (၆)

နန်းတွင်း အရေးတစ်ခုကြောင့် ကနောင်မင်းသားကြီး လုပ်ကြံခံရခြင်းဟာ သမိုင်းတစ်ဆစ်ချိုး ကံကြမ္မာဆိုးခဲ့ပါတယ်။ လွတ်လပ်ရေးရခါနီး ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်မြ၊ ဒီးဒုတ်ဦးဘချိုစတဲ့ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြန်ရာ မြန်မာ့သမိုင်းလမ်းကြောင်းဟာ တစ်ဆစ်ချိုး နှစ်ဆစ်ချိုးကဲ့သို့မဟုတ်၊ ဦးတည်ရာမဲ့ဖြစ်ကာ လွတ်လပ်တော့မယ့် မြန်မာနိုင်ငံအတွက် ကွင်းဆက်ပြတ်ခဲ့ရပါတယ်။ မြန်မာတို့ကံကြမ္မာဟာ ဆိုးခဲ့ပါတယ်။ ဗြိတိသျှဟာ လွတ်လပ်ရေးပေးရေးကိစ္စရှိလေရာ ဆာဟူးဘတ်ရန့်စ်ဘုရင်ခံက သခင်နုကို ကြားဖြတ်ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းရန် အာဏာအပ်နှင်းခဲ့ပါတယ်။


နု – အက်တလီ စာချုပ်မှာကို ဗြိတိသျှတပ်များနဲ့ ဗမာ့တပ်မတော် စစ်လက်နက်များကိစ္စမှာ ဗြိတိသျှတပ်များကို ဗြိတိသျှဘုရင်၏ စီမံအုပ်ချုပ်မှုအောက်တွင်ထားရေး ဗမာ့တပ်မတော်ကိုမူ ဖြစ်ပေါ်လာမယ့် မြန်မာကြားဖြတ်အစိုးရအောက်တွင် (Interim Government) ထားရှိရေး သုံးသပ်ကြည့်တဲ့အခါ ဒီကဏ္ဍဟာ အလွန်အရေးကြီးကြောင်း တွေ့ရှိရပါတယ်။ ကိစ္စကြီးငယ်ဆိုသည် မမျှော်လင့်ဘဲ ပေါ်ပေါက်နိုင်တာမို့ ဗြိတိသျှတို့ဟာ ကြည်းတပ်၊ ရေတပ်၊ လေတပ် စစ်လက်နက်ပစ္စည်း လွှဲပြောင်းလက်ခံရေးကအစ ကတိကဝတ်တွေကို နှစ်ဦးနှစ်ဖက် ကြီးမားတဲ့တာဝန်ယူရမယ့်ကိစ္စ ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းထဲမှာ 'မိအေး နှစ်ခါနာမက မိအေးသုံးခါနာ' မဖြစ်ဖို့ လွန်စွာအရေးကြီး ချိန်ဆမြော်မြင်ခဲ့ရတဲ့ အခါသမယ၊ ဗြိတိသျှတပ်နဲ့ လက်နက်အပြောင်းအလဲကိစ္စ အလွန်အရေးကြီးကြောင်း တွေ့ရှိရပါတယ်။ ဗြိတိသျှတပ်များဆိုင်ရာ ကိစ္စမှာ မြန်မာဘက်က ဗိုလ်လက်ျာ၊ အင်္ဂလိပ်ဘက်က ဂျွန်ဒဗလျူဖရီးမင်းတို့ လက်မှတ်ရေးထိုးကာ လက်ျာ – ဖရီးမင်း စာချုပ်ကို ၁၉၄၇ ခုနှစ် သြဂုတ်လ ၂၉ ရက်နေ့မှာ ချုပ်ဆိုခဲ့ပါတယ်။ ဗြိတိသျှတို့အနေနဲ့ မြန်မာနိုင်ငံအား ဓနသဟာယ ဝင်သည်ဖြစ်စေ၊ ပြင်ပတွင်နေသည်ဖြစ်စေ လွတ်လပ်ရေးကို ပေးရတော့မည်ဖြစ်ရာ မြန်မာနိုင်ငံမှ အောင်မြင်စွာ ဆုတ်ခွာနိုင်ဖို့ လိုအပ်ချက်မှန်သမျှ ရေပက်မဝင်အောင် စာချုပ်ကို ချုပ်ဆိုတယ်လို့ သုံးသပ်လို့ရပါတယ်။

၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့မှာ နု – အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးပြီး မြန်မာနိုင်ငံရယ်လို့ မြေမျက်နှာသွင်ပြင်အရ ဖြစ်တည်လျက်ရှိတဲ့ မြန်မာတို့ဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကမ္ဘာက အသိအမှတ်ပြု လွတ်လပ်ရေးရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ လုံးဝလွတ်လပ်တဲ့ နိုင်ငံဖြစ်လာခဲ့ပါတယ်။ လွတ်လပ်ရေးပြန်လည်ရရှိအောင် ဆောင်ကြဉ်းပေးခဲ့တဲ့ မကြာသေးမီက အဘိုးအဘွားတွေ၊ အသက်သွေးချွေးပေးခဲ့ကြသူတွေကို အောက်မေ့ကြ၊ ကျေးဇူးတရားကို သိကြရပါလိမ့်မယ်။

## မြင်ကွင်း (၇)

၂၀ ရာစုပင်လုံညီလာခံကရရှိခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ လွတ်လပ်ရေးကိုရရှိခဲ့ကာ နိုင်ငံရေးပါတီကြီးတွေနဲ့ ပြည်သူတွေ ဟာ ပြည်ထောင်စုမြန်မာနိုင်ငံကို တည်ထောင်ခဲ့ကြတာဖြစ်ပါတယ်။ လမ်းခုလပ်မှာ အောင်မြင်မှုတွေရှိသလို ကသိကအောင့် စိတ်အနှောင့်အယှက်တွေ ဝမ်းနည်းဖွယ် ဖြတ်ကျော်ခဲ့ကြရပါတယ်။ လွတ်လပ်ရေးနဲ့အတူကြီးပြင်းလာကြတဲ့ ပြည်တွင်းနိုင်ငံရေး အင်အားစုတွေဟာ သဟဇာတဖြစ်မလာကြဘဲ အချင်းချင်းအားပြိုင်အနိုင်ယူ၊ ရဲဘော်ရဲဘက်တွေဟာ စိတ်ဝမ်းတွေကွဲသွားခဲ့ပါတယ်။ ပင်ကိုကောင်းမွန်တဲ့ အင်အားမှန်သမျှ ညီအစ်ကိုအချင်းချင်း စစ်ခင်းရတာနဲ့ အားတွေကုန်၊ ဘဝပျက်၊ အသက်တွေကြွေတာများပါတယ်။ မည်သည့်အစိုးရမဆို ခြောက်ပြစ်ကင်း သဲလဲစင်မဟုတ်ဆိုတာ ကမ္ဘာ့သမိုင်းကို ကြည့်ရင် တွေ့မြင်ရပါလိမ့်မယ်။ ၂၀ ရာစု မြန်မာ့သမိုင်းမှာ ကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ ခါးသီးမုန်းတီးစရာ၊ စည်းလုံးမှုပျက်ပြားစရာဖြစ်တဲ့ သမိုင်းအထုပ်ကို မဖြေကြဘဲ ဥမကွဲသိုက်မပျက်မယ့် ဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားများအားလုံးက သံယောဇဉ်ကြိုးများနဲ့ ရေးရှုတည်ထောင်ဖို့ နိုင်ငံခေါင်းဆောင်တွေ တိုင်းရင်းသားခေါင်းဆောင်တွေက ဦးဆောင်နေတာတွေ့မြင်နေရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ အေးအတူပူအမျှ လောကပါလတရားများ လက်ကိုင်ထားကြခြင်းဖြင့် ဝေးတာတွေဟာ နီးလာမှာပါ။ နီးပြီးဖြစ်နေတာတွေဟာလည်း ပို၍ပို၍ ရင်းနှီးလာမှာ အမှန်ဖြစ်ပါတယ်လို့ ယုံကြည်ပါတယ်။



၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပထမဆုံးကျင်းပသည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို တွေ့ရစဉ်။

## မြင်ကွင်း (၈)

ကျွန်တော်တို့တစ်တွေဟာ သံသရာတစ်ကွေ့မှာ အခုလိုဆုံတွေ့ရတဲ့ဘဝကို ချစ်မြတ်နိုးကြရပါမယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာတွေ ထားခြင်းဖြင့် မိမိတစ်ဦးတည်းလည်းငြိမ်းချမ်း တစ်တိုင်းပြည်လုံးလည်း အေးချမ်းဖွံ့ဖြိုးတိုးတက်မှုတွေအသီးသီး ရကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၅၂ သန်းကျော် ဝ ဒသမ ၈၉ ရာခိုင်နှုန်းနဲ့ နှစ်စဉ်တိုးတက်နေပါတယ်။ တောင်ပေါ်မြေပြန့်မြစ်စဉ်ကြီးများတစ်ဝိုက်မှာရှိကြတဲ့ ယနေ့မြန်မာတို့ဟာ မွန်ဂိုလွိုက်မျိုးနွယ်တွေပဲ။ တိဗက် ဗမာ မွန်ခမာနဲ့ တိုင်း (Tai) ရှမ်းတို့ရဲ့ မျိုးဆက်များက ခေတ်အဆက်ဆက် တည်ထောင်ခဲ့တဲ့မြန်မာနိုင်ငံဟာ မြောက်မှ တောင် မိုင်ပေါင်း ၁၂၇၅ ကျော်၊ အရှေ့အနောက် အကျယ်ဆုံးနေရာဟာ ၅၈၂ မိုင်၊ ဧရိယာ မှာ ၂၆၁၂၂၈ စတုရန်းမိုင် အကျယ်အဝန်းရှိနေပါတယ်။

အရှေ့တောင်အာရှမှာတော့ နယ်မြေအကျယ်ဆုံးဖြစ်ပြီး၊ သစ်တောနဲ့ ကျောက်သံပတ္တမြား သယံဇာတကြွယ်ဝလျက်ရှိနေပါတယ်။ စိုက်ပျိုးနိုင်တဲ့မြေကေနဲ့ ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧရိယာဟာလည်း ဧရာဝတီ၊ စစ်တောင်းနဲ့ဒီမြစ်ကြီးများဆီသို့ စီးဝင်နေတဲ့ မြစ်ချောင်းများကိုအကြောင်းပြု ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေကေဟာလည်း များစွာကျန်လျက်ရှိနေပါတယ်။

နိုင်ငံရဲ့ပန်းတိုင်ကတော့ ၂၀၃၀ ပြည့်နှစ်မှာ ဝင်ငွေအလယ်အလတ်ထက်မြင့်တဲ့နိုင်ငံဖြစ်ဖို့ မျှော်မှန်းပါတယ်။ နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ကုန်ထုတ်လုပ်မှု၊ မြေပေါ်မြေအောက် သယံဇာတထုတ်လုပ်မှုအပေါ်မှာ တည်ရှိနေဆဲဖြစ်ပါတယ်။ သယံဇာတမျိုးစုံကို တန်ဖိုးမြှင့်မလုပ်နိုင်သေးဘဲ၊ ထုခွဲရောင်းချရတဲ့အပေါ် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ ယနေ့အထိမူတည်နေဆဲဖြစ်ပါတယ်။

အရှေ့တောင်အာရှက ကျွန်တော်တို့နိုင်ငံဟာ မြေမျက်နှာသွင်ပြင်အမျိုးမျိုးရှိတဲ့အပြင် နေရောင်ခြည်ကိုလည်းမြင်၊ ပင်လယ်ကမ်းခြေနဲ့ ရေခဲတောင်လည်းရှိ၊ မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေကလည်း ကျယ်ပြော၊ နုန်းတင်မြေနု သစ်တောတွေနဲ့ လမုတောကလည်းရှိ၊ သစ်ခွမျိုးစုံကအစ၊ ပန်းတွေကလည်း မွှေးကြိုင်လှပသာယာလျက်ရှိတဲ့နိုင်ငံပါပဲ။ မြန်မာနိုင်ငံသားများဟာ အလွန်ရိုးသားဖြူစင်တဲ့ လယ်သမားတွေများပါတယ်။ မြေဩဇာကောင်းတဲ့ လယ်မြေတွေ၊ နုန်းတင်မြေနု မြစ်ချောင်း၊ အင်းအိုင်တွေကို မတိမ်ကောအောင် ကာကွယ်ရင်း ကြိုးကြိုးပမ်းပမ်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေရသူတွေဖြစ်ပါတယ်။ ကမ္ဘာသို့ စားသောက်ဖွယ်ရာ ဆန်စပါးနဲ့ သစ်တောသားငါးသီးနှံများပို့တဲ့နိုင်ငံဖြစ်ပါတယ်။ ကျောင်းကန်ဘုရားစေတီ ပုထိုးဆီသို့သွား၊ သီတင်းသီလ ဆောက်တည်၊ သီလသမာဓိပညာရအောင် ပုတီးစိပ်၊ သူတော်စင်တွေနေတဲ့နိုင်ငံအဖြစ် ရပ်တည်ဆဲနိုင်ငံဖြစ်ကြောင်း ကမ္ဘာက သိဖို့ကောင်းပါတယ်။

## မြင်ကွင်း (၉)

မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်မယ်ဆိုရင် သမိုင်းတစ်လျှောက်မှာ သာဓကအထောက်အထားကောင်းတွေ ရှိခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ဂျာမနီဟာ Federal Republic of Germany (FRG), German Democratic Republic (GDR) ဆိုပြီး နိုင်ငံရေးအတွေးအခေါ်နဲ့ စူပါပါဝါ နိုင်ငံကြီးများရဲ့ လွှမ်းမိုးမှုကြောင့် နှစ်ခြမ်းကွဲသွားခဲ့ပါတယ်။ နှစ်ပေါင်း ၄၅ နှစ်ကျော်ကြာမှာ နှစ်ခြမ်းကွဲ ဂျာမနီဟာ ပြန်လည်ပူးပေါင်းနိုင်ခဲ့တာဟာ နမူနာကောင်း ဖြစ်ပါတယ်။ ဖက်ဒရယ်ရီပတ်ဗလစ်ဂျာမနီ (Federal Republic of Germany)မှာ ပြည်နယ် တိုင်းဒေသကြီးတွေလိုပဲ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေဟာလည်း အလိုလိုပါလာတာ တွေ့ရပါတယ်။ ဒီလိုပြန်လည်ဆုံတွေ့ပူးပေါင်းရာမှာ ခက်ခဲမှာတွေကို ခက်ခဲတယ်လို့မမြင်ဘဲ အခက်အခဲတွေကို ကျော်လွှားခဲ့တာလည်း တွေ့ရပါတယ်။ နှစ်ခြမ်းကွဲခဲ့တဲ့ ဗီယက်နမ်၊ ဂျာမနီနိုင်ငံတို့ဟာ နိုင်ငံရေးအင်အားစုတွေ၊

*စာမျက်နှာ ၁၇ သို့*

**"၂၀ ရာစု မြန်မာ့သမိုင်းမှာ ကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ ခါးသီးမုန်းတီးစရာ၊ စည်းလုံးမှုပျက်ပြားစရာဖြစ်တဲ့ သမိုင်းအထုပ်ကို မဖြေကြဘဲ ဥမကွဲသိုက်မပျက်မယ့် ဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားများအားလုံးက သံယောဇဉ်ကြိုးများနဲ့ ရေးရှုတည်ထောင်ဖို့ နိုင်ငံခေါင်းဆောင်တွေ တိုင်းရင်းသားခေါင်းဆောင်တွေက ဦးဆောင်နေတာ တွေ့မြင်နေရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ အေးအတူ ပူအမျှ လောကပါလတရားများ လက်ကိုင်ထားကြခြင်းဖြင့် ဝေးတာတွေဟာ နီးလာမှာပါ။ နီးပြီးဖြစ်နေတာတွေဟာလည်း ပို၍ပို၍ ရင်းနှီးလာမှာ အမှန်ဖြစ်ပါတယ်လို့ ယုံကြည်ပါတယ်"**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုဒုံ ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မုဒုံမြို့နယ် ကော့ပရံကျေးရွာနှင့် ကျိုက်ရွဲကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်မည့် ကုန်ထုတ်လမ်းမြေနေရာသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပွင့်လင်းရာသီအတွင်း အချိန်မီပြီးစီးရေး၊ လယ်ယာမြေများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးနှင့် လိုအပ်သည်များကို မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကောပရံကျေးရွာအနီး ရေလွှဲလမ်းကြောင်းတူးဖော်မည့် မြေနေရာသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အလျား ၂၂၄၄ဖ ပေ တူးဖော်ဖောက်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မိုးတွင်းကာလ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် ရေလွှဲမြောင်းများ ဖောက်လုပ်ပေးခြင်းဖြစ်ကြောင်းနှင့် တောင်သူများအချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ပရံ-တံခွန်တိုင် ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်သည့်နေရာသို့ ရောက်ရှိရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်မှူးက မြေသားတာပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က တံခွန်တိုင်ကျေးရွာအတွင်း ကတ္တရာလမ်း နှစ်မိုင်နှင့် ကုန်ထုတ်လမ်း နှစ်မိုင်ခင်းပြီးဖြစ်၍ ယခုကော့ပရံကျေးရွာမှ မြေသားလမ်း နှစ်မိုင်ခင်းကျင်းပြီးပါက အလွယ်တကူ သွားလာနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ကုန်ထုတ်လမ်းဖောက်လုပ်မည့် လျာထားမြေပုံကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘလောက် ညောင်ဝိုင်း - ဝဲကလိကျေးရွာချင်းဆက်ကတ္တရာလမ်းသစ် ဖောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

အောင်မျိုးသူ

(ပြန်/ဆက်)

---

*စာမျက်နှာ ၁၆ မှ*

ကာကွယ်ရေး အင်အားစုတွေကောင်းလို့၊ ကွဲပြားခြားနားတဲ့ နိုင်ငံရေးသဘောတရား (Ideology) အပေါ် သဘောထားကြီးနိုင်တဲ့ အမျိုးသားရေး အမြော်အမြင်၊ ဂျာမန်ဆိုတဲ့ အမျိုးသားရေးစိတ်ဓာတ်တွေက ပေါင်းစည်းပေးလိုက်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စု (United States of America) ဟာ ဖက်ဒရယ် ပြည်ထောင်စုပဲဖြစ်ပါတယ်။ Union of Myanmar ဟာ၊ United States of Myanmar လို့ အဓိပ္ပာယ်ရပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို ညီညွတ်စုစည်းဖွဲ့စည်းထားတဲ့ နိုင်ငံပဲဖြစ်ပါတယ်။ စုစည်းညီညွတ်တာကြောင့် အမေရိကန်သည်လည်းကောင်း၊ ဥရောပသမဂ္ဂ (European Union) သည်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်းကောင်း၊ Russian Federation သည်လည်းကောင်း ညီညွတ်စုစည်းမှုရှိတာကြောင့် ကမ္ဘာမှာအင်အားကြီး၊ အရာရာဖွံ့ဖြိုးတိုးတက်မှုတွေမှာ မြင့်မားနေကြောင်း တွေ့ရှိရပါတယ်။ ဥရောပတိုက် တစ်တိုက်လုံးဟာ စစ်ပွဲကြီးနှစ်ခုကြောင့် ရင်နာစရာ၊ အခဲမကျေစရာတွေဟာ မြန်မာနိုင်ငံထက် ထုနဲ့ထည်နဲ့(ဒုနဲ့ဒယ်နဲ့) ကြီးမားတဲ့ အစိုင်အခဲဖြစ်မယ်လို့ ခန့်မှန်းလို့ရပါတယ်။

ယခုအခါမှာ အီးယူ (EU) ၂၇ နိုင်ငံဟာ စီးပွားရေး၊ နိုင်ငံရေးကို အောင်မြင်စွာတည်ဆောက်နိုင်တာကြောင့် စီးပွားချမ်းသာတဲ့အပြင် အေးချမ်းသာယာလျက်ရှိတာကို တွေ့မြင်ရပါတယ်။ G-7, G-8 ဖိုရမ်တွေမှာ ကိုယ့်နိုင်ငံကိုယ်စားပြု ပါဝင်ကြတာပါပဲ။ ကမ္ဘာ့အိုလံပစ်အားကစားပွဲတွေ၊ ကမ္ဘာ့ဖလား၊ ပရီမီယာလိဂ်ပွဲတွေမှာ နိုင်ငံကိုယ်စားမပျက်မကွက်ပါဝင်ဆင်နွှဲတာပါပဲ။ ပြိုင်ပွဲရဲ့ စည်းကမ်း စည်းမျဉ်းတွေအရ နိုင်ရင်လည်းပြုံး၊ ရှုံးရင်လည်းပြုံးနိုင်သူတွေဖြစ်ကြောင်း၊ ဘောလုံးဝါသနာအိုးတွေပို၍ သိပါတယ်။

မြန်မာနိုင်ငံဟာလည်း အာဆီယံအဖွဲ့ဝင်ဘင်းစတက်စတဲ့အဖွဲ့ထဲမှာပါဝင်ပြီး နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးဖို့ တည်ထောင်ကြတဲ့ ပူးပေါင်း ဆောင်ရွက်တဲ့ ခေတ်ထဲဝင်ဆံ့အောင် ဒေသတွင်းပူးပေါင်းနေခြင်းပဲဖြစ်ပါတယ်။ ထိပ်တိုက်ရင်ဆိုင် (Confrontation) ခြင်းကို အမေရိကန်၊ ရုရှား၊ တရုတ်နိုင်ငံတို့ဟာ ၂၁ ရာစုမှာ ရှောင်ရှားကြတာတွေ့ရပါတယ်။ ထိပ်တိုက်ရင်ဆိုင်မှုအစား(Cooperation) ပူးပေါင်းဆောင်ရွက်မှုကို ရွေးရှုခဲ့ကြောင်း၊ ရွေးရှုလျက်ရှိကြောင်း တွေ့မြင်ရပါတယ်။ ဒါကြောင့် ကမ္ဘာ့မြို့ကြီးပြကြီးများနဲ့ ကမ္ဘာ့တိုက် (Continents) ကြီးများကို ဖျက်နိုင်စွမ်းရှိတဲ့ နျူကလီးယားလက်နက်တွေကို အမေရိကန်နဲ့ ယခင်ဆိုဗီယက်ရုရှားတို့ဟာ လျှော့ချခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှုအတွက် ဆိုဗီယက်ခေါင်းဆောင် ဂိုဘာချော့ (Gorbachev) ဟာ ငြိမ်းချမ်းရေးနိုဘယ်ဆုကို ချီးမြှင့်ခြင်းခံရပါတယ်။ စစ်အေးကာလ (Cold War) ဟာလည်း ရပ်သွားခဲ့ပါတယ်။ ၂၁ ရာစုမှာ ဒီအင်အားကြီးနိုင်ငံတွေဟာ တတိယကမ္ဘာစစ်ဆင်နွှဲဖို့ စိတ်ကူးမရှိတဲ့ နိုင်ငံတွေပဲလို့ သုံးသပ်လို့ရပါတယ်။ ဒီနိုင်ငံကြီးတွေဟာ အတိတ်က နိုင်ငံရေး စစ်ရေးရာဇဝင်ကြောင်း ခေတ်ဟောင်းတွေမှာ အကြာကြီး ငေးမောမနေဘဲ၊ ၂၀ -၂၁ ရာစုများဆီသို့ အလျင်အမြန် ချီတက်ကြတာကို တွေ့ရပါတယ်။

သမိုင်းကို ဆွဲဆန့်ကြည့်ရင် မင်းတုန်းမင်းတရားကြီးဟာ စစ်လက်နက် အသုံးမပြုရေး၊ ကနောင်မင်းသားကြီးရဲ့ ရေမြှုပ်ဗုံးထုတ်လုပ်မှုကို အားပေးအားမြှောက်မပြုခဲ့တဲ့ ကိစ္စမှာ အမေရိကန်သမ္မတ ရိုနယ်ရီဂင် (Ronald Regan) နဲ့ ဆိုဗီယက်အတွင်းရေးမှူးချုပ် ဂိုဘာချော့ (Gorbachev) တို့ရဲ့ ဘိုးဘေးဘီဘင်ပဲ၊ ခေတ်ရဲ့ရှေ့ပြေး ငြိမ်းချမ်းရေးကိုရွေးရှုခဲ့တာကြောင့် မင်းတုန်းမင်းတရားကြီးရဲ့ အခန်းကဏ္ဍဟာ အနောက်နိုင်ငံများထိ ပေါက်ရောက်ခဲ့ရင် ပထမ၊ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပေါ်စရာအကြောင်း မရှိနိုင်လောက်ဘူးလို့ သုံးသပ်ရမှာဖြစ်ပါတယ်။

> **"မနက်ဖြန်ကိစ္စတွေဟာ အနာဂတ်လူငယ်တွေနဲ့ ပြည်သူတွေပိုင်ဆိုင်ကြ၊ တာဝန်ယူကြရလိမ့်မယ်။ ကောင်းမွေ ဆိုးမွေတွေထဲက ဘယ်လိုကောင်းမွေတွေကို ခွဲခြားယူကြမလဲဆိုတာ သူတို့ဆုံးဖြတ်ကြရလိမ့်မယ်။ ကောင်းမွေတွေကို ယူတတ်ဖို့နဲ့ မကောင်းတာတွေပယ်တတ်တဲ့ အရည်အချင်းနဲ့ ဉာဏ်အမြော်အမြင်တွေရှိဖို့ ပြင်ဆင်ကြရပါလိမ့်မယ်"**

### မြင်ကွင်း (၁၀)

နိုင်ငံရဲ့ ရေမြေတောတောင်သဘာဝ အခြေအနေကောင်းတွေကို အကြောင်းပြုရင်၊ စင်ကာပူလိုမျိုး အနည်းဆုံးသုံးနေရာကို နိုင်ငံတွင်းမှာ ဆယ်နှစ်အတွင်း တည်ဆောက်နိုင်ပါမယ်။ နိုင်ငံတော်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ဘတ်ဂျက်တွေထည့်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဖိတ်ခေါ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို မှန်မှန်ကန်ကန်ချမှတ်အသုံးချရင် မဖြစ်နိုင်စရာအကြောင်းမရှိ။ ကရင်၊ မွန်ပြည်နယ်နဲ့ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးတို့ကို စင်ကာပူလိုမျိုးထူထောင်မယ်ဆိုရင် လွန်စွာအလားအလာကောင်းတယ်လို့ ခန့်မှန်းလို့ရပါတယ်။ စိတ်ကူးယဉ်အိပ်မက်မဟုတ် တကယ်လုပ်ချင်တဲ့ ဆန္ဒရှိဖို့ပါပဲ။

ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေကတော့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းမြစ်ကြီးများကို အကြောင်းပြုပြီး လယ်ယာသားငါး၊ စိုက်ပျိုးသီးနှံ၊ ဆန်ရေစပါး ပေါကြွယ်ဝရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီအောင် စက်မှုလုပ်ငန်းများကို အင်တိုက်အားတိုက် တပ်ဆင်ကာ ထူထောင်နိုင်ပါတယ်။

လူ့စွမ်းအားတွေမြှင့်ရင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်ကို စကော့တလန်၊ ပြင်သစ်ကဲ့သို့ ရှမ်းပြည်နယ်၊ ကယားပြည်နယ်အတွက်စဉ်းစားရင် အင်္ဂလန်ကဲ့သို့ အမေရိကန် ပင်ဆယ်ဗေးနီးယားပြည်နယ်ကဲ့သို့ စက်မှုစီးပွားရေးလုပ်ငန်းတွေ ထူထောင်နိုင်ပါမယ်။ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးကိုတော့ ဂျပန်ကဲ့သို့ တည်ဆောက်နိုင်ပါမယ်။ လိုအပ်တဲ့စွမ်းအင်ကိုတော့ ရေအားလျှပ်စစ်နဲ့ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ကိုသုံးရလိမ့်မယ်။ အလုပ်အကိုင်တွေပေါလာမယ်။ ဆင်းရဲမွဲတေမှုတွေ လျော့ကျလာမယ်။ ချမ်းသာလာမယ်။ နိုင်ငံမှာလည်း အေးချမ်းမယ်၊ ပြည်တွင်းနိုင်ငံရေးတင်းမာမှုတွေ ကင်းဝေးသွားကာ မြန်မာနိုင်ငံဟာ မြန်မြန်ဆန်ဆန် တောင့်တောင့်တင်းတင်းနဲ့ အေးချမ်းသာယာတဲ့ဘဝကို မျက်မှောက်ပြုနိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်ရရင်ဖြင့်-

စည်းလုံးညီညွတ်ဖို့ လွတ်လပ်ရေးရရှိဖို့ မနေ့ကကိစ္စတွေကို ခွန်အားနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဘိုးဘေးဘီဘင်တွေဟာ တာဝန်ကျေပွန်ခဲ့ပါတယ်။ သူတို့ရဲ့သာယာဝပြောမှုကို ရှေ့တန်းမတင် အနစ်နာခံ၊ နေ့မအားညမနား အားထုတ်ခဲ့သူတွေဖြစ်ပါတယ်။ မိဘအဘိုးအဘွားတွေရဲ့ ခွန်အားအမြော်အမြင်နဲ့ စီမံပြုလုပ်ခဲ့တဲ့ အသီးအပွင့်အမွေအနှစ်တွေကို ခံစားကြသူတွေဖြစ်ပါတယ်။ အသက်သွေးချွေး ပေးခဲ့ကြသူ ဘိုးဘွားတွေကို ကျွန်တော်တို့ပို၍ပို၍ အောက်မေ့ကြရလိမ့်မယ်။ မနက်ဖြန်ကိစ္စတွေဟာ အနာဂတ်လူငယ်တွေနဲ့ ပြည်သူတွေပိုင်ဆိုင်ကြ၊ တာဝန်ယူကြရလိမ့်မယ်။ ကောင်းမွေဆိုးမွေတွေထဲက ဘယ်လိုကောင်းမွေတွေကို ခွဲခြားယူကြမလဲဆိုတာ သူတို့ဆုံးဖြတ်ကြရလိမ့်မယ်။ ကောင်းမွေတွေကို ယူတတ်ဖို့နဲ့ မကောင်းတာတွေပယ်တတ်တဲ့ အရည်အချင်းနဲ့ ဉာဏ်အမြော်အမြင်တွေရှိဖို့ ပြင်ဆင်ကြရပါလိမ့်မယ်။

မြန်မာနိုင်ငံဟာ မဟာဗျူဟာကျခြင်း၊ သယံဇာတမျိုးစုံ အမယ်စုံ ပေါကြွယ်ဝခြင်း၊ ဘာသာတရားအပေါင်းရဲ့ တရားတော်များနဲ့အညီ နေထိုင်နိုင်ခြင်းဆိုတဲ့ လက်ဆောင်မွန်လက်ဆောင်ကောင်း၊ ကောင်းခြင်းမင်္ဂလာနဲ့ ပြည့်စုံတာကို တွေ့မြင်နေရပါတယ်။ မြန်မာတို့တစ်တွေဟာ မိုးကုပ်စက်ဝိုင်းတစ်ဆုံးထိ လှေ့လာစရာတွေဟာ ကိုယ့်ရှေ့မှာ ရှိနေတာမို့ သင်ယူဖို့၊ နီးလျက်နဲ့မဝေးစေလိုပါကြောင်း မေတ္တာဖြင့် တင်ပြအပ်ပါတယ်။ ။

**ကျမ်းကိုး -**


ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန

မကြွန် သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ မြရတနာစာပေ၊ စာစဉ်(၁) ၂၀၀၂ ခုနှစ်

မီနာမီကီကန်း၊ အိဇုမိယ တတ်စုရော၊ သမိုင်းသုတေသနစာစဉ် (၁)၊ စာတည်း ဦးကျော်အောင်၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ အထက်တန်းပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန ကြေးမုံသတင်းစာ၊ စာ ၁-၈၊ အောက်တိုဘာ ၁၆၊ ၂၀၁၈

Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000,

၂၀ ရာစု မြန်မာနိုင်ငံ၊ အမျိုးသား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဇန်နဝါရီလ ၂၀၀၂ ခုနှစ်

Asia Pacific: Its Role in the new World Order, (Myanmar Burma) by M S Dobbs - Higginson, New Light of Myanmar (1998)

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ သီရိမင်္ဂလာကံဦး ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်မြေကုန်းကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်ရှိ အောင်ရတနာ ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ ဓမ္မာရုံ ရွှေကျင်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ ဓမ္မာရုံ ရွှေကျင်ကျောင်းတိုက်သို့ ဆွမ်းဆန်တော်များ ဆက်ကပ် လှူဒါန်းခဲ့ကြစဉ်။



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာကြသူများက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ကမာကြည်လမ်းထောင့်ရှိ ဇီဝက ကိုဗစ်- ၁၉ ရောဂါ ကုသရေးစင်တာသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါ အတည်ပြုပိုးတွေ့လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စင်တာပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအားကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အမျိုးသားလှေလှော်ပြိုင်ပွဲကို မုဒုံမြို့နယ်တွင် ကျင်းပမည်

**မုဒုံ ဖေဖော်ဝါရီ ၈**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အမျိုးသားလှေလှော်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက မြို့မ (၄)ရပ်ကွက် ကန်ကြီးစေတီတော် မင်္ဂလာကန်တော်ရှိ ရေဇရပ်၌ အစည်းအဝေးပြုလုပ်သည်။

ရှေးဦးစွာ သမိုင်းဝင်ဆံတော်ရှင်ကန်ကြီးစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးနှင့်မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်က ပြိုင်ပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မွန်ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြိုင်ပွဲကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် ဆုပေးပွဲချီးမြှင့်မည့်အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားသည်။

### ပြန်လည်ဖြေကြား

ဆက်လက်၍ ပြိုင်ပွဲဒိုင်အဖွဲ့ချုပ် ဦးထိန်ဝင်းက ဒိုင်အဖွဲ့များကို ငါးဖွဲ့ခွဲ၍ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒိုင်အဖွဲ့များအနေဖြင့် မှန်ကန်တိကျမှုရှိပြီး ဘက်လိုက်မှုမဖြစ်ပေါ်စေရေးနှင့် လှေပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ပြိုင်ပွဲဝင် မြို့နယ်ကိုယ်စားပြုအသင်းများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

### ဆုများ ပေးအပ်ချီးမြှင့်

အဆိုပါပြိုင်ပွဲကို မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ အသင်း ၁၀ သင်းတို့က ဖေဖော်ဝါရီ ၉ ရက်မှ ၁၀ ရက်အထိ နှစ်ရက်ကြာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသိန်း၊ စတုတ္ထဆုငွေကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ် ငါးသောင်း ခြောက်ဆုတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်း သွေးလှူဒါန်းသည်။




စုပေါင်း သွေးလှူဒါန်းပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့အသီးသီးမှ တပ်ဖွဲ့ဝင် ၁၃၀ တို့က စုပေါင်း သွေးလှူဒါန်းကြရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ် မြင့်တိုးနှင့် ရဲအရာရှိကြီးများ၊ နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကား ပြောကြားကာ စုပေါင်း သွေးလှူဒါန်းခဲ့ကြသည့် တပ်ဖွဲ့ဝင်များကို အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံနှင့် အချိုရည်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ခရီးသည် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခရီးသည် ဝန်စည်များနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အချိုရည် ဖာ ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

ဖေဖော်ဝါရီ ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သာယာဝတီ၊ ပြည်၊ တောင်ငူနှင့် ပဲခူးခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၂၁ ဒသမ ၆၂၃၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၅၇၅၅၈) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

### ဖမ်းဆီးရမိ

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ နှစ်မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၀၇၅၅၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတု ရှမ်းပြည်နယ်နေ့ အခမ်းအနား မူဆယ်မြို့၌ ကျင်းပ

**မူဆယ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် မူဆယ်မြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုရုံး တောင်ရပ်ကွက်တွင် (၇၅) နှစ်မြောက် စိန်ရတု ရှမ်းအမျိုးသားနေ့ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်သည်။



အခမ်းအနားတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ကဖတ်ကြားသည်။ (ယာပုံ) ဆက်လက်ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက ဖတ်ကြားသည်။ ထို့နောက် ရှမ်းအမျိုးသားနေ့ (ရှမ်းပြည်နယ်နေ့) ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှမ်းဘာသာဖြင့် လုင်းစိုင်းခိမ်ခမ်း ကဖတ်ကြားပြီး မြန်မာဘာသာဖြင့် စိုင်းခွန်ကျော်က ဖတ်ကြားသည်။ ထို့ပြင် အခမ်းအနား တက်ရောက်လာသူများအား ရှမ်းစာပေနှင့် ယဉ်ကျေးမှု မောင်မယ်များက ရှမ်းရိုးရာ အကများဖြင့် ဧည့်ခံဖျော်ဖြေကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ PEN NEEDLE ၅၉ ခု၊ ဆေးဝါးမျိုးစုံ ၂၉ မျိုး၊ စုစုပေါင်း ၁၆၆၉၈၇ ဒသမ ၃၃ KG တို့ကို ထုတ်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၂ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၈၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၇၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၆၀/၁၆၇၀ ကျပ် | ၁၆၇၅/၁၆၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၇၀/၁၆၈၀ ကျပ် | ၁၆၉၅/၁၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၃၀/၁၆၄၅ ကျပ် | ၁၆၆၀/၁၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၈၅/၁၇၁၅ ကျပ် | ၁၈၀၀/၁၈၁၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၂၇ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၂၂ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၃ . ၉၂၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၄၁ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၂၄ . ၄၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၉ . ၂၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၇၈၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၂၀၀ | ၈၆ | ၇၀၅၉၀၀ |
| MTSH | ၃၀၀၀ | ၂၉၅၀ | ၁၅၉၈ | ၄၇၈၄၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၄ | ၂၇၃၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၀၀ | ၂၇၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၄၀၀ | ၅၄၀၀ | ၁ | ၅၄၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၂-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ မွန်ရိုးရာဆွမ်းတော်ကြီးတင်ပွဲ
၀၉:၁၅ စိုက်ပျိုးရေးရာအဖြေရှာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၅၀ စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုတေး၊ အက
၁၁:၁၀ မွန်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာ အိမ်ကလေးများ
၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁:၄၅ ဆေးဖက်ဝင်ဟင်းသီး၊ ဟင်းရွက်နှင့် ကျန်းမာရေး
၁၃:၃၀ MRTV National News
၁၄:၀၀ စိန်ရတုပြည်ထောင်စုလူရွှင်တော်ပလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအဆင့်ပွဲစဉ်) (ပွဲစဉ်-၁)
၁၅:၄၅ စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုတေး
၁၆:၁၅ အသိပညာနှင့်အမှန်တရား
၁၆:၄၅ စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ် (မွန်အစားအစာ)
၁၇:၁၀ စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုတေး
၁၇:၂၅ အလှပြာဝေရာမညမြေ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၄၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ စိန်ရတုပြည်ထောင်စုလူရွှင်တော်ပလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအဆင့်ပွဲစဉ်) (ပွဲစဉ်-၂)
၂၂:၁၀ ရာမညမြေမှအလှတရားများ (Fashion Show)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

07:01 Union Blood (Pann Nu Yin, Pann Su Thwin)
07:07 Myanmar Traditional Snacks: Mounhsi Gyaw
07:12 Gold from Garbage
07:23 Inlay Traditional Cotton Clothes
07:31 Bago: A City Of Famous Historic Pagoda
07:52 Graffiti: Character Art
08:01 Myanmar Orchestra: A Blend of Arts!
08:14 The Richly Blessed Gem Land
08:40 A Visit To Ye's Coastal Area
08:56 Myanma Toddy Palm, A Source of Rural Income
09:01 News
09:27 Global Partnership for Brighter Future: Lativia Pavilion at Expo 2020 Dubai
09:34 Ocularist
09:53 Dances of Myanmar: Rvwang Traditional Dance

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပွဲ့ကိုင်ရှင်
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ပန်းချီဆရာစောထွန်းလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း
**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ကြက်သားနှင့်ပိန်းသီးချက်နည်း
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဝိတိုရိယတောင်(ခေါ်)ခေါ်နူးစုံ
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အနစ်နာခံသူရဲ့နှလုံးသား
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
လွယ်ပြားရွာကစိုင်းစံမိန်း
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကြက်မောက်သီးနှင့်ကျန်းမာရေး
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
သွေးချင်းတို့ရဲ့ခေါင်လန်ဖူး
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(ကိုရီးယားနိုင်ငံ၊ အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေမှအပ
နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြန်တမ်းဝင်အရာရှိအဆင့်စတင်ခန့် လစ်လပ်ရာထူးများအား ကြော်ငြာခေါ်ယူခြင်းအတွက် အသိပေးကြေညာချက်

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၁၄)ခု တို့မှ လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးလစ်လပ် (၁၁၁၆) နေရာအတွက် ကြော်ငြာစာအမှတ်၊ (၂/၂၀၂၂) ဖြင့် ၉ - ၂ - ၂၀၂၂ နှင့် ၁၀ - ၂ - ၂၀၂၂ ရက်နေ့တို့တွင် မြန်မာ့အလင်း ၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူထားရှိပါသည်။

ကြော်ငြာပါရာထူးအတွက် လျှောက်ထားရာတွင် e-Recruitment and Selection System [ UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based] တို့ကို အသုံးပြု၍ Android Devices, I Phone and Web Browser မှတစ်ဆင့် အချိန်မီဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက် ၁၁-၃-၂၀၂၂ နေ့ထက် ကျော်လွန်လျှောက်ထားလာသည့် လျှောက်လွှာများကို System မှ အလိုအလျောက်ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

လျှောက်ထားသူများအနေဖြင့် e-Recruitment and Selection System [ UCSB e- RSS Mobile Application ] ကို Google Play Store , Apple Store တို့မှတစ်ဆင့် Download ရယူ၍ အသုံးပြုရမည်ဖြစ်ပြီး စနစ်အတွင်းသို့ ဝင်ရောက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်သည့် User Guide နှင့် အသုံးပြုခြင်းဆိုင်ရာ အချက်အလက်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့် www.ucsb.gov.mm နှင့် Myanmar National Web Portal ဖြစ်သော www.myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄ ၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၄၂၀၇၀၆၆၀၆၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၄၄၁၉၃၇၃၄၃၊ ၀၉-၂၆၂၅၀၂၉၈၈ ) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း ပြုမူလုပ်ဆောင်**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်စွန်းကျေးရွာနေ နန်းနှင်းနှင်းလှိုင် (၃၀)နှစ် (ဘ) ဦးခွန်ရွှေဌေးသည် ၎င်းအသုံးပြုသည့် “Nann Hnin Hnin Hlaing” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နေ အောင်ထက်မြတ် သည် ၎င်းအသုံးပြုသည့် “Aung Htet Nway Oo” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ချမ်းမြသာစည် (တောင်) ရပ်ကွက်နေ ခင်သီတာ (၄၀) နှစ် (ဘ) ဦးဝင်းတင့်သည် ၎င်းအသုံးပြုသည့် “ခင်သီတာ” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်နေသူများဖြစ်သည့် အကောင့်ပိုင်ရှင် (စိစစ်ဆဲ) တို့ အသုံးပြုသည့် “Kyaw Thu Win” နှင့် “Lay Lay” Facebook အကောင့်များ၊ တာမွေမြို့နယ်မှ အကောင့်ပိုင်ရှင် (စိစစ်ဆဲ)တို့ အသုံးပြုသည့် “Zaw Myo Oo”၊ “A Nyein W Yan” နှင့် “Aye Aye” Facebook အကောင့်များ၊ လှိုင်မြို့နယ်မှ အကောင့်ပိုင်ရှင် (စိစစ်ဆဲ) အသုံးပြုသည့် “Thet Ko Ko” Facebook အကောင့်နှင့် လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာနေ ဝင်းမင်းနောင် (ခ) မင်းနောင်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြိုင်မြို့နယ် ကွမ်းတောကျေးရွာ မင်္ဂလာသီရိဘုန်းကြီးကျောင်းမှ ဆရာတော် ဉူးစန္ဒိမာနှင့် အမျိုးသားတစ်ဦးစီးနင်းလာသည့် မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့၍ ဆရာတော် ပျံလွန်တော်မူပြီး ယာဉ်မောင်းအမျိုးသား ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၈

**နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်စေရန် အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုများ၊ လုပ်ကြံပစ်ခတ်သတ်ဖြတ်မှုများကို လုပ်ဆောင်လျက်ရှိပြီး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ ရဟန်းသံဃာများ၊ သီလရှင်များအား သတ်ဖြတ်ခြင်းနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများကို သတ်ဖြတ်ခြင်းတို့အား စိတ်နှလုံးညှိုးနွမ်းဖွယ်ရာ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။**





ဦးဆယ်ဘော
(ဒဏ်ရာရ)

**လက်လုပ်မိုင်းဖြင့် ဖောက်ခွဲ**

ထိုသို့ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခြင်းများကို ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် မြိုင်မြို့နယ် ကွမ်းတောကျေးရွာရှိ “မင်္ဂလာသီရိ”ဘုန်းကြီးကျောင်းမှ ဆရာတော် ဉူးစန္ဒိမာ သက်တော် (၃၉) နှစ်၊ သိက္ခာတော် (၁၉) ဝါ၊ (ခမည်းတော်) ဦးရွှေဝင်းသည် ကွမ်းတောကျေးရွာနေ ဦးဆယ်ဘော (၃၇) နှစ် (ဘ) ဦးသာဒင်မောင်းနှင်သည့်X-Trail အမျိုးအစား YGN 3J--- ခဲရောင် မော်တော်ယာဉ်ဖြင့် မြိုင်မြို့မှ ကျောင်းတိုက်သို့ ပုသိမ်-မုံရွာကားလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် ငပွဲကျေးရွာနှင့် အလယ်ကန်ကျေးရွာကြား ပုသိမ်-မုံရွာကားလမ်းမကြီး မိုင်တိုင်အမှတ် ၄၀၆ မိုင်နှင့် ၄၀၆ မိုင် ၁ ဖာလုံအရောက်၌ လမ်း၏ ဝဲဘက်မှ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။

**မိုင်းစများ ထိမှန်ပျက်စီး**

ယင်းသို့ ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် ယာဉ်၏ ခေါင်းခန်းဘယ်ဘက်အခြမ်းတွင် စီးနင်းလိုက်ပါလာသည့် ဆရာတော် ဉူးစန္ဒိမာ၏ ဦးခေါင်း၊ နဖူး၊ ဘယ်ဘက်မျက်လုံးနှင့် ဝဲ၊ ယာခြေထောက်တို့တွင် မိုင်းစထိမှန်ဒဏ်ရာများနှင့် ယာဉ်မောင်း ဦးဆယ်ဘော၏ နဖူးနှင့် ယာပခုံးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး မော်တော်ယာဉ်၏ အင်ဂျင်နှင့် ဘီးလေးဘီးတို့ကွဲကာ ရှေ့နောက် လေကာမှန်များ ကွဲအက်၍ ယာဉ်၏ ကိုယ်ထည် ဝဲဘက်အခြမ်း၌ မိုင်းစများ ထိမှန်ပျက်စီးခဲ့သည်။

**ဒဏ်ရာများဖြင့် ပျံလွန်တော်မူ**

အဆိုပါ ပေါက်ကွဲမှုဖြစ်သည့် နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ဆရာတော် ဉူးစန္ဒိမာနှင့် ဦးဆယ်ဘောတို့ကို ဆေးကုသမှုခံယူနိုင်ရေး ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုပေးနေစဉ် ဆရာတော် ဉူးစန္ဒိမာမှာ မွန်းလွဲ ၃ နာရီတွင် အခင်းဖြစ်စဉ်က ရရှိထားသော ဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့သည်။

**အကြမ်းဖက်သမားများ ဖော်ထုတ်**

ထိုကဲ့သို့ ခရီးသွားလာနေသည့် ဆရာတော်၊ သံဃာတော်များအား ထိခိုက်သေကျေစေရန် မိုင်းဆွဲတိုက်ခိုက်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၃၁ ဆူ | ၁၅၆ ဆူ | ၅၇၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)နှင့် Expansion Joint | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၁၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေးကူးစက်ကျရောက် ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ နှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင် ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန် နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်း မွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင် ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကို ကိုင်တွယ် ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက် အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင် ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board
### လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ်၊ ၂/၂၀၂၂**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်**
**( ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )**

၁။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၁၄)ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် Online စနစ်ဖြင့် e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based) တို့ကို အသုံးပြုကာ **၁၁-၃-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍** ဝင်ရောက်လျှောက်ထားနိုင်ပါသည်-

**(က) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | အခွန်အယူခံ ခုံအဖွဲ့ရုံး | ဦးစီးအရာရှိ | ၃ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |
| | | | ၁ နေရာ | မဟာဝါဏိဇ္ဇဘွဲ့ (M.Com)/ စာရင်းကိုင်ပညာ မဟာဘွဲ့ (M.Act) |
| | | | ၃ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ) [M.A(English/English-UFL)] |
| | | | ၁ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)/မဟာကွန်ပျူတာ နည်းပညာဘွဲ့ (ဆက်သွယ်ရေးနှင့်ကွန်ယက်နည်းပညာ) [M.C.Tech(Communication and Network)]/ မဟာကွန်ပျူတာသိပ္ပံဘွဲ့(ပရိုဂရမ်နည်းပညာအင်ဂျင်နီယာ) [M.C.Sc(Software Engineering)] / မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E(Information Technology)] |
| (၂) | အမျိုးသား စည်းလုံး ညီညွတ်ရေး နှင့်ငြိမ်းချမ်း ရေးဖော်ဆောင် မှုဦးစီးဌာန | ဦးစီးအရာရှိ | ၁ နေရာ | ဥပဒေဘွဲ့/မဟာဥပဒေဘွဲ့ (LL.B/LL.M) |
| | | | ၁ နေရာ | ဝါဏိဇ္ဇဘွဲ့/မဟာဝါဏိဇ္ဇဘွဲ့ (B.Com/M.Com)/ စီးပွားရေးပညာဘွဲ့/မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း)[B.Econ/M.Econ(Statistics)]/ စာရင်းကိုင်ပညာဘွဲ့/စာရင်းကိုင်ပညာမဟာဘွဲ့ (B.Act/M.Act) |
| | | | ၁ နေရာ | ဝိဇ္ဇာဘွဲ့/မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [B.A/M.A(English)] |
| | | | ၂ နေရာ | ကွန်ပျူတာသိပ္ပံဘွဲ့/မဟာကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc/M.C.Sc)/ ကွန်ပျူတာနည်းပညာဘွဲ့/ မဟာကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech/M.C.Tech)/ သိပ္ပံဘွဲ့/မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ)[B.Sc/ M.Sc(Computer Science)]/ အင်ဂျင်နီယာဘွဲ့/ မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)[B.E/M.E(IT)] |
| | | | ၂ နေရာ | ဝိဇ္ဇာဘွဲ့/မဟာဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) [B.A/M.A(International Relations)] |

**(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ပင်စင် ဦးစီးဌာန | ဦးစီးအရာရှိ | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ)[M.A(English)] |
| | | | ၂ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [M.Econ(Statistics)] |
| | | | ၂ နေရာ | မဟာဝါဏိဇ္ဇဘွဲ့ (M.Com) |
| | | | ၁ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |
| | | | ၃ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)/မဟာကွန်ပျူတာ နည်းပညာဘွဲ့ (M.C.Tech) |
| | | | ၁ နေရာ | ဘွဲ့တစ်ခုခုရရှိပြီး M.P.A/M.B.A/M.Dev.S ရရှိထားသူ |
| | | | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ) [M.A(International Relations)] |
| (၂) | မြန်မာ့ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန | လက်ထောက် မန်နေဂျာ | ၁ နေရာ | မဟာဝါဏိဇ္ဇဘွဲ့ (M.Com)/ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရ ပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ (B.Com;C.P.A) |
| | | | ၂ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)/ကွန်ပျူတာ သိပ္ပံဘွဲ့ (B.C.Sc) |
| | | | ၂ နေရာ | မဟာဥပဒေဘွဲ့ (LL.M)/ဥပဒေဘွဲ့ (LL.B) |
| | | | ၁ နေရာ | စာရင်းကိုင်ပညာဘွဲ့ (B.Act) |

**(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| စိုက်ပျိုးရေး သုတေသန ဦးစီးဌာန | လက်ထောက် သုတေသန အရာရှိ | ၆ နေရာ | စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc) |
| | လက်ထောက် အင်ဂျင်နီယာ | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [B.E(Information Science and Technology)]/အင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [B.E(Information Technology)] |
| | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [B.E(Computer Engineering)] |
| | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (အော်တိုမက်တစ်တိကျပစ္စည်းထုတ်လုပ်မှု) [B.E(Mechanical Precision and Automation)]/အင်ဂျင်နီယာဘွဲ့ (စက်မှု/ စက်မှုအီလက်ထရောနစ်)[B.E(Mechanical/ Mechatronic)] |
| | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်)[B.E(Electronics)] |

**(ဃ) သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | သမဝါယမ ကောလိပ် (ဖောင်ကြီး၊ မန္တလေး) | လက်ထောက် ကထိက | ၁၇ နေရာ | မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)[M.Econ (Economics)] / လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာမဟာဘွဲ့ (Master of Social Enterprise Management)/ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (Master of Regional Development)/ မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [M.Econ (Statistics)] /မဟာဝါဏိဇ္ဇဘွဲ့ (M.Com)/ စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act)/စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့(Master of Accounting and Finance)/ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှု ပညာမဟာဘွဲ့ (Master of Marketing Management)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (M.B.A)/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (M.P.A) |
| | | | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ) [M.A(Myanmar)] |
| | | | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A(English)] |
| | | | ၁ နေရာ | မဟာသိပ္ပံဘွဲ့ (သင်္ချာ) [M.Sc(Mathematics)] |
| | | | ၂ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)/ မဟာကွန်ပျူတာ နည်းပညာဘွဲ့ (M.C.Tech)/မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) [M.Sc(Computer Science)]/မဟာသုတသိပ္ပံဘွဲ့ (M.I.Sc) |
| | | | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (ပထဝီဝင်) [M.A(Geography)] |
| (၂) | သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (သန်လျင်) | ဌာနစုမှူး (နိုင်ငံတကာ ဆက်ဆံရေး) | ၁ နေရာ | ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေးပညာ/အင်္ဂလိပ်စာ) [B.A(International Relations/English)] |
| | | လက်ထောက် အင်ဂျင်နီယာ | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (မြို့ပြ) [B.E(Civil)] |
| | | အားကစားမှူး | ၁ နေရာ | တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးအနိမ့်ဆုံးအားကစားနည်း တစ်ခုခုတွင်တိုင်းအဆင့်လက်ရွေးစင်ရရှိပြီးသူ **[ပြည်တွင်း/ပြည်ပသာသနာ့တက္ကသိုလ်မှဘွဲ့များလက်မခံပါ။]** |
| | | လက်ထောက် မန်နေဂျာ(စနစ်) | ၁ နေရာ | ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) |
| | | လက်ထောက် ကထိက | ၆ နေရာ | လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (Master of Social Enterprise Management)/ မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) [M.Econ(Economics)]/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (M.P.A)/ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (M.Dev.S) |
| | | | ၇ နေရာ | ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (Master of Regional Development)/မဟာစီးပွားရေး ပညာဘွဲ့ (ဘောဂဗေဒ) [M.Econ(Economics)]/ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (M.Dev.S) |
| | | | ၆ နေရာ | အသုံးချစာရင်းအင်းပညာမဟာဘွဲ့ [Master of Applied Statistics]/မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) [M.Econ(Statistics)]/လူဦးရေ ပညာမဟာဘွဲ့ (M.P.S) |
| | | | ၇ နေရာ | စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့ (Master of Accounting and Finance)/မဟာဝါဏိဇ္ဇဘွဲ့ (M.Com) |
| | | | ၆ နေရာ | ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာမဟာဘွဲ့ Master of Marketing Management)/ မဟာဝါဏိဇ္ဇဘွဲ့ (M.Com)/စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (M.B.A) |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ) [M.A(Myanmar)] |
| | | | ၃ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ) [M.A(English/English-UFL)] |
| | | | ၁ နေရာ | မဟာသိပ္ပံဘွဲ့ (သင်္ချာ) [M.Sc(Mathematics)]/ မဟာသိပ္ပံဘွဲ့ (အင်ဂျင်နီယာသင်္ချာ) [M.Sc(Engineering Mathematics)] |
| | | | ၅ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)/မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [M.Sc(Computer Science)]/ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)/ မဟာသုတသိပ္ပံဘွဲ့ (M.I.Sc) |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့ (ပထဝီဝင်) [M.A(Geography)] |
| | | | ၁ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |
| (၃) | သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (စစ်ကိုင်း) | လက်ထောက် ကထိက | ၅ နေရာ | လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (Master of Social Enterprise Management)/ မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) [M.Econ(Economics)] |

စာမျက်နှာ (၂၄) သို့

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့**

စာမျက်နှာ (၂၃) မှ အဆက်

| လစ်လပ် | ပညာအရည်အချင်း |
|---|---|
| ၇ နေရာ | ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (Master of Regional Development)/မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) [M.Econ(Economics)] |
| ၆ နေရာ | အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (Master of Applied Statistics)/မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်း) [M.Econ(Statistics)] |
| ၇ နေရာ | စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့ (Master of Accounting and Finance)/ မဟာဝါဏိဇ္ဇဘွဲ့(M.Com)/ စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act) |
| ၇ နေရာ | ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (Master of Marketing Management)/ မဟာဝါဏိဇ္ဇဘွဲ့(M.Com)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(M.B.A) |
| ၃ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A(English)] |
| ၆ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)/ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)/ မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [M.E(IT)] |
| ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(ပထဝီဝင်) [M.A(Geography)] |
| ၂ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |

**(င) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

| စဉ် ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (၁) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | လက်ထောက်အင်ဂျင်နီယာ | ၈ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှု)[B.E(Mechanical)] |
| | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(မက္ကာထရောနစ်/စက်မှုအီလက်ထရောနစ်) [B.E(Mechatronic)] |
| | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား) [B.E(Electrical Power)] |
| | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်) [B.E(Electronics)] |
| | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့(ရေယာဉ်ဗိသုကာ) [B.E(Naval Architecture)] |
| (၂) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | ဦးစီးအရာရှိ | ၃ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ) [M.A(English/English-UFL)] |
| | ဦးစီးအရာရှိ (ဘဏ္ဍာရေး) | ၁ နေရာ | ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ (B.Com;C.P.A)/မဟာဝါဏိဇ္ဇဘွဲ့ (M.Com) |
| | ဦးစီးအရာရှိ (ကွန်ပျူတာ) | ၂ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)/မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)] / မဟာကွန်ပျူတာနည်းပညာဘွဲ့(M.C.Tech)/ မဟာသုတသိပ္ပံဘွဲ့(M.I.Sc)/မဟာအသုံးချသိပ္ပံဘွဲ့(M.A.Sc)/မဟာအင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [M.E(IT)] |
| | လက်ထောက်အင်ဂျင်နီယာ (စက်မှု) **(အမျိုးသား)** | ၂ နေရာ | မဟာအင်ဂျင်နီယာဘွဲ့(စက်မှု)[M.E(Mechanical)] |
| (၃) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ | တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ (Any Graduate) **[ပြည်တွင်း/ပြည်ပသာသနာ့တက္ကသိုလ်မှဘွဲ့များလက်မခံပါ။]** |
| | | ၂ နေရာ | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ/အသက်မွေးဝမ်းကျောင်းသုံးအင်္ဂလိပ်စာ) [B.A(English/E.P.P/E.O.P)] |
| | | ၂ နေရာ | စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ |
| | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်/သုတနည်းပညာ/သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [B.E(Electronics/IT/IST)] |
| (၄) မြန်မာ့မီးရထား | လက်ထောက်မန်နေဂျာ | ၁ နေရာ | ဥပဒေဘွဲ့ (L.L.B) |
| | | ၁ နေရာ | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[B.A(English)] |
| | | ၂ နေရာ | တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ (Any Graduate) **[ပြည်တွင်း/ပြည်ပသာသနာ့တက္ကသိုလ်မှဘွဲ့များလက်မခံပါ။]** |
| | လက်ထောက်ဆရာဝန် | ၈ နေရာ | ဆေးပညာဘွဲ့(M.B.,B.S.) |
| (၅) သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန | ဦးစီးအရာရှိ | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်/လျှပ်စစ်စွမ်းအား/မြို့ပြ) [B.E(Electronics/ Electrical Power/Civil)] |
| (၆) မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် | နည်းပြအရာရှိ **(အမျိုးသား)** | ၁ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိထားပြီးရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့်(၃)လက်မှတ် (Marine Engineer Officer Class III)ပူးတွဲတင်ပြရမည်။ |
| | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိသူ(သို့မဟုတ်)အစိုးရနည်းပညာကောလိပ်မှအောင်လက်မှတ်တစ်ခုခုရရှိသူများဖြစ်ပါကရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့်(၃)လက်မှတ် (Marine Engineer Officer Class III) ပူးတွဲတင်ပြရမည်။ |

စာအုပ်စာပေ လူ့မိတ်ဆွေ

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ကထိက **(အမျိုးသား)** | ၁ နေရာ | မဟာသိပ္ပံဘွဲ့ရရှိသူ (Master of Science) (သို့မဟုတ်) မဟာဥပဒေဘွဲ့(ပင်လယ်ရေကြောင်းဥပဒေ) [LL.M (Maritime Law)](သို့မဟုတ်) ရေကြောင်းဘက်ဆိုင်ရာဒီပလိုမာ (Diploma in Nautical Science) တစ်ခုခုရရှိသူများဖြစ်ပါကကုန်းပတ်ရေကြောင်းအရာရှိအဆင့်(၃)လက်မှတ်(Deck Officer Class III) ပူးတွဲတင်ပြရမည်။ |
| လက်ထောက်ကထိက **(အမျိုးသား)** | ၁ နေရာ | အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိထားပြီးရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့်(၃)လက်မှတ်(Marine Engineer Officer Class III)ပူးတွဲတင်ပြရမည်။ |
| လက်ထောက်ကထိက **(အမျိုးသမီး)** | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A(English)] |
| လက်ထောက်ကထိက **(အမျိုးသမီး)** | ၂ နေရာ | မဟာသိပ္ပံဘွဲ့(သင်္ချာ) [M.Sc(Mathematics)] |
| လက်ထောက်ကထိက **(အမျိုးသား)** | ၂ နေရာ | မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) [M.Sc(Computer Science)] |

**(စ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

| စဉ် ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (၁) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | ဦးစီးအရာရှိ | ၆ နေရာ | အင်ဂျင်နီယာဘွဲ့(မြို့ပြ) [B.E(Civil)] |
| | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှု/လျှပ်စစ်စွမ်းအား/အီလက်ထရောနစ်) [B.E(Mechanical/Electrical Power/ Electronics)] |
| | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့(ရေနံ)[B.E(Petroleum)] |
| | | ၂ နေရာ | အင်ဂျင်နီယာဘွဲ့(ဓာတု)[B.E(Chemical)] |
| | | ၁ နေရာ | မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ)[M.Sc(Chemistry)] |
| | | ၁ နေရာ | မဟာသိပ္ပံဘွဲ့(ကုန်ထုတ်ဓာတုဗေဒ) [M.Sc(Industrial Chemistry)] |
| | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [B.E(Information Technology)] |
| | | ၃ နေရာ | မဟာဥပဒေဘွဲ့ (LL.M) |
| | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ) [M.A(English/English-UFL)] |
| | | ၃ နေရာ | ဝါဏိဇ္ဇဘွဲ့ (B.Com)/စီးပွားရေးပညာဘွဲ့(စာရင်းအင်း) [B.Econ(Statistics)]/လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ(C.P.A) |
| (၂) လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန | ဦးစီးအရာရှိ (အင်ဂျင်နီယာ) | | |
| | **(အမျိုးသား)** | ၅ နေရာ | အင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား) [B.E(Electrical Power)] |
| | **(အမျိုးသမီး)** | ၃ နေရာ | |
| | **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှု)[B.E(Mechanical)] |
| | **(အမျိုးသား)** | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(မြို့ပြ)[B.E(Civil)] |
| | **(အမျိုးသမီး)** | ၁ နေရာ | |

**(ဆ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

| စဉ် ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (၁) မူပိုင်ခွင့်ဦးစီးဌာန | ဦးစီးအရာရှိ | | |
| | **(အမျိုးသား)** | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ/တရုတ်ဘာသာ/ဂျပန်ဘာသာ/နိုင်ငံတကာဆက်ဆံရေးပညာ) [M.A(English/English-UFL/Chinese/ Japanese/International Relations)] |
| | **(အမျိုးသမီး)** | ၄ နေရာ | |
| | **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်နည်းပညာ/မြို့ပြ/အီလက်ထရောနစ်/လျှပ်စစ်စွမ်းအား/သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [B.E(Information Technology/Civil/ Electronics/Electrical Power/Information Science and Technology)] |
| | **(အမျိုးသမီး)** | ၂ နေရာ | |
| | **(အမျိုးသား)** | ၂ နေရာ | မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)/မဟာကွန်ပျူတာနည်းပညာဘွဲ့(ဆက်သွယ်ရေးနှင့်ကွန်ယက်နည်းပညာ)/မဟာကွန်ပျူတာသိပ္ပံဘွဲ့(ပရိုဂရမ်အင်ဂျင်နီယာ)/မဟာကွန်ပျူတာသိပ္ပံဘွဲ့/ မဟာကွန်ပျူတာနည်းပညာဘွဲ့ M.Sc(Computer Science)/M.C.Tech(CN)/ M.C.Sc(S.E)/M.C.Sc/M.C.Tech |
| | **(အမျိုးသမီး)** | ၂ နေရာ | |
| | **(အမျိုးသား)** | ၁ နေရာ | မဟာသိပ္ပံဘွဲ့ (မည်သည့်ဘာသာရပ်မဆို) [M.Sc (Any Major)] |
| | **(အမျိုးသမီး)** | ၁ နေရာ | |
| | **(အမျိုးသား)** | ၁ နေရာ | မဟာဥပဒေဘွဲ့(LL.M) |
| | **(အမျိုးသမီး)** | ၂ နေရာ | |
| | **(အမျိုးသမီး)** | ၁ နေရာ | မဟာဝါဏိဇ္ဇဘွဲ့/မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ/စာရင်းအင်း)[M.Com/M.Econ(Economics/ Statistics)] |
| (၂) စားသုံးသူရေးရာဦးစီးဌာန | ဦးစီးအရာရှိ | ၄ နေရာ | ဝါဏိဇ္ဇဘွဲ့ (B.Com) |
| | | ၂ နေရာ | စီးပွားရေးပညာဘွဲ့(စာရင်းအင်း/ဘောဂဗေဒ) [B.Econ(Statistics/Economics)] |
| | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)[M.A(English)] |
| | | ၂ နေရာ | တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ (Any Graduate) **[ပြည်တွင်း/ပြည်ပသာသနာ့တက္ကသိုလ်မှဘွဲ့များလက်မခံပါ။]** |

စာမျက်နှာ (၂၅) သို့

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

သစ်တော
နှင့်
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်
ကိုစိုး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလ မှမတ်လအထိ) (၆)လ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်ပါလုပ်ငန်းဖြစ်သောအရန်မီးစက်ဌာနခွဲအတွက်လိုအပ်သည့်ဒီဇယ်ဆီ(ပရီမီယမ်) (၂၀၀၀၀)ဂါလံအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ် နှုန်းထားအတိုင်း (၈.၂.၂၀၂၂) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၈.၃.၂၂)ရက်နေ့၊(၁၄ : ၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း။ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သူ ဒေါ်နုနုခင် ၁၂/ဒဂမ(နိုင်)၀၂၄၆၃၅၊ အမှတ်-၃၄၁၊ ဘုရင့်နောင်လမ်း၊ ၃၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်မှာ-

ကျွန်ုပ်၏မိတ်ဆွေကြီး ဒေါ်နုနုခင်က တရားလိုပြုလုပ်၍ အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၃၀တွင် တရားပြိုင် ဒေါ်ခင်ပိုပို ပါ-၂အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်မိတ်ဆွေကြီး ဒေါ်နုနုခင်နှင့် တရားပြိုင်(၁)ဒေါ်ခင်ပိုပို တရားပြိုင်(၂) ဒေါ်ခင်စန္ဒာမိုးတို့အကြား ညှိနှိုင်းပြေလည်ပြီးဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေကြီး ဒေါ်နုနုခင်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၃၁-ရပ်ကွက်၊ ဇေယျာသီရိ-၆လမ်း၊ အမှတ်-၆၀၅ ဟု ခေါ်တွင်သည့် မြေနှင့် အိမ်အား အပြီးအပိုင်စွန့်လွှတ်ပါကြောင်းနှင့် တရားပြိုင်(၁) ဒေါ်ခင်ပိုပိုနှင့် တရားပြိုင်(၂) ဒေါ်ခင်စန္ဒာမိုးတို့က ဒေါ်နုနုခင်နေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၁-ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်-၃၄၁၊ မြေနှင့်အိမ်အကျိုးခံစားခွင့်များအား အပြီးအပိုင် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ယခုကဲ့သို့ အပြန်အလှန် စွန့်လွှတ်ခြင်းများကိုလည်း သက်ဆိုင်ရာရုံးဌာန အသီးသီးတွင် ဥပဒေနှင့်အညီ အပြန်အလှန်ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း မှန်ကန်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေကြီး ဒေါ်နုနုခင်ကလည်း အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၃၀/၂၀၂၀ အမှုအား ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နုနုခင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၅/၈-၂-၂၀၀၅)**
**တိုက်အမှတ်-၂၀၉၊ အခန်းအမှတ် -3-A၊ အင်းဝလမ်း၊**
**(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၁၂၀၂၂၇၈၊ ၀၉-၇၇၃၁၁၆၈၅၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ အမှတ် (၅၆၅)ဟုခေါ်တွင်သော အလျား ပေ၆၀xအနံပေ၄၀ မြေကွက်ကို ဦးဇာနည်လင်း ၉/ တသန (နိုင်)၁၂၃၄၉၇ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်မ မရွှေစင်ထွန်း ၁၂/ဗဟန (နိုင်)၀၈၄၄၀၄မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့် ကန့်ကွက်နိုင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ခုနစ်ရက်အတွင်း ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ရွှေစင်ထွန်း**
**ဖုန်း-၀၉-၉၅၀၅၉၉၁၂၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၇၂၀)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ မြေကွက်အမည်ပေါက်အား အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ထက်အောင် ၁၂/သခန (နိုင်) ၁၁၅၁၄၄ထံမှ ကျွန်ုပ် ဦးအေးရဲဝင်း ၁၀/မလမ(နိုင်)၁၆၈၈၇၄ ဂရန်ရှိနေသော ဤမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအေးရဲဝင်း ၁၀/မလမ(နိုင်)၁၆၈၈၇၄**
**ဖုန်း-၀၉-၇၉၈၀၄၀၃၈၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက် အမှတ်(ပ-၃၂၅၉၂)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်နွဲ့ယဉ်ဝင်း ၉/ပမန(နိုင်)၁၅၀၈၅၁ (ဘ)ဦးမောင်ရင်မှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၅၆၁)၊ ဧရိယာ(၀ ဒသမ ၀၈၂) ဧကရှိ ဒေါ်အမာမြင့် အမည်ပေါက် ပါမစ်မြေကွက်အား မြေပေးမိန့် ထုတ်ယူခွင့်ပြုပါရန် ဒေါ်အမာမြင့်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးရှော်ဆီ(ဘ) ဦးကန်ဘော် ၁၃/သနန (နိုင်)၀၁၇၃၆၂ မှ ယာယီမြေပေး လက်မှတ်မိတ္တူမှန်၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၀၂၆/၂၀၁၁)၊ တရားရုံးကျမ်းကျိန်လွှာ အမှတ်(၁၄၅၈/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မန္တလေးခရိုင်တရားရုံး
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၈၄၉

၁။ ဦးစိုင်းသီဟ နှင့် ဒေါ်ခင်ဝါဆို
၂။ ဒေါ်အေးငြိမ်းဖြူ

**တရားလိုများ** **တရားပြိုင်**

တရားပြိုင် ဒေါ်ခင်ဝါဆို(တိုက်အမှတ် ၂၄)အခန်း(၆)၊ ၃၅လမ်း၊ ၈၇x၈၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက တိုးရင်းငွေပေါင်း ကျပ်သိန်း ၃၇၀၀ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်(၁၃၈၃ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နိုင်လင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃၀၀

ဦးမျိုးတင့် နှင့်
၁။ ဦးရှိန်းသူအောင်
၂။ ကိုငြိမ်းချမ်း
၃။ မမေဖြိုးမွန်
၄။ မမေစန္ဒာ
၅။ ဒေါ်ဝင်းလှိုင်

**တရားလို** **တရားပြိုင်များ**

၁။ ဦးရှိန်းသူအောင်(ဘ)ဦးအေးကျော်၊ ၂။ ကိုငြိမ်းချမ်း(ဘ)ဦးအေးကျော်၊ ၃။ မမေဖြိုးမွန်(ဘ)ဦးအေးကျော်(အတူနေ)၊ အမှတ် ၁၉၅(အေ)၊ ၆၃ လမ်း ၂၄X၂၅ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (၁၃၈၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံး
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၁၃

ဒေါ်ကျောက်မြင့် နှင့် ဦးစောမေဖူး

**တရားလို** **တရားပြိုင်**

သိန်းနီမြို့နယ်၊ နမ့်စလပ်ကျေးရွာ၊ သာရွှေထမ်းရပ်ကွက်နေ ဦးစောမေဖူး (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်တွင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၃/၇၈)နေ တရားလိုဒေါ်ကျောက်မြင့်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် (၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့် ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမ ရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဝန်ကြီးရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး(နေပြည်တော်)တွင် ခန့်ထားရန်အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည် -

| စဉ် | လစ်လပ်ရာထူး | ရာထူးနေရာ | အနည်းဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂) (ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁)နေရာ | BE (Electronic / Civil) ဘွဲ့ရရှိသူဖြစ်ရမည်။ |
| (ခ) | အငယ်တန်းစာရေး (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၅)နေရာ | ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ |
